အရိယ သစ္စာန ဒဿနံ ဇတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၈၂)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ဂိုးလီးယားသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၁

၂၀၀၄ ခုနှစ် ဇူလိုင် ၁၁ ရက်တွင်ကျရောက်သော မွန်ဂိုးလီးယားနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မွန်ဂိုးလီးယားနိုင်ငံသမ္မတ မစ္စတာနာဆာဂျင် ဘာဂါဘမ်ဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ကြည့်ရှုစစ်ဆေး ရိုးရာယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပီပြင်စွာဖော်ညွှန်းပြသနိုင်သည့်နေရာဖြစ်လာအောင် စီမံဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇူလိုင် ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) တည်ဆောက်မှုအခြေအနေနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း

စာမျက်နှာ ၃ ကော်လံ ၁ ■

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရတနာလမ်းမကြီးအနီး၌ တည်ဆောက်နေသော ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဌာနေပြန်မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

ရန်ကုန် ဇူလိုင် ၁၀

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့်အတူ အမျိုးသားညီလာခံကျင်းပသည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ

စာမျက်နှာ ၅ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

နိုင်ငံတော်၊ပြည်သူနှင့် ဝန်ထမ်းများ လက်တွဲကြိုးပမ်း၍ ဖွံ့ဖြိုးတိုးတက် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး တက်ညီလက်ညီပူးပေါင်းပါဝင်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အရှိန်အဟုန်ဖြင့် နေ့မအား ညမနား ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်ယူစဉ်အချိန်မှစ၍ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးကို ဦးစွာဆောင်ရွက်ခဲ့သည်။ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

ယခုအခါ နိုင်ငံတော်တစ်ဝန်း အေးချမ်းတည်ငြိမ်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်နေမှုများကို တွေ့မြင်နေကြရပြီဖြစ်သည်။ ယင်းကဲ့သို့ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်ရရှိလာခြင်းနှင့်အတူ နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး၌ စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကကျသော ရေရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံများဖြစ်သော လမ်းတံတားများ၊ လေယာဉ်ကွင်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို မည်သည့်ခေတ်ကာလကနှင့်မျှမတူအောင် တိုးမြှင့်တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်များကို ထင်ရှားစွာ တွေ့မြင်ကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အဖွဲ့ဝင်များနှင့်အတူ ကချင်ပြည်နယ်သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဇူလိုင်လ ၄ ရက်နေ့ နံနက်ပိုင်းက မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် –

"ဤကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တက်ညီလက်ညီ လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပနေရာ အရှိန်အဟုန်ရရှိနေပြီဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန်လိုကြောင်း"

မှာကြားသွားသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းမှာ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးအပါအဝင် မှန်ကန်သော ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ခြင်းကြောင့်ဖြစ်သည်။ စိုက်ပျိုးရေးဖြစ်ထွန်းမှုအတွက် မရှိမဖြစ်လိုအပ်သော စိုက်ပျိုးရေရရှိစေရန် ဆည်မြောင်း၊ တာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများကို ငွေကြေးအမြောက်အမြား ကျခံသုံးစွဲ၍ တည်ဆောက်ပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် လမ်း၊ တံတားပေါင်းများစွာကို တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးနေသည်ကိုလည်း နိုင်ငံအနှံ့ မြင်တွေ့နေရမည်ဖြစ်သည်။

လူမှုရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပညာရေးအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ ခေတ်မီသင်ကြားမှုနှင့် သင်ယူမှုများ ဆောင်ရွက်ပေးနေခြင်းနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပညာပေးခြင်း၊ ကာကွယ်ခြင်း၊ ကုသခြင်းနှင့်ဆိုင်သော ဆေးရုံ၊ ဆေးပေးခန်းအသစ်များဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို တိုင်းရင်းသားပြည်သူအားလုံး ထိတွေ့ခံစားနေကြရပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် ဝန်ထမ်းများ၏ တက်ညီလက်ညီ လက်တွဲကြိုးပမ်းမှုကြောင့် နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာချိန်တွင် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၁-၇-၂၀၀၄
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သစ္စဉာဏ်၊ ကစ္စဉာဏ်၊ ကတဉာဏ်"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Solar Energy And Temperature (ပထမနှစ် ပထဝီဝင်အထူးပြု)
၄း၃၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၁။ မြန်မာ့ရှုခင်း
၆း၄၀ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း-၁၄)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ဆောက်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **"စည်းမျဉ်း(၁၀) ချက် မဟာဂန္ဓာရုံအသက်"**
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၃၅)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရေကြောင်းနှင့်လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၁၀

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရေကြောင်းနှင့်လေကြောင်းဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက အာဆီယံ ဝန်ဆောင်မှုလုပ်ငန်း၏အဓိပ္ပာယ်၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ အင်္ဂါရပ်များ၊ ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစား၊ အာဆီယံ ဝန်ဆောင်မှုဆိုင်ရာဘောင် သဘောတူညီချက်၊ ရည်ရွယ်ချက်နှင့် လိုက်နာရမည့်အချက်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးမှုအခြေအနေနှင့် သဘောထားမှတ်ချက် တောင်းခံနိုင်ရန်လိုအပ်သည့်ဌာနများ စသည်ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် လေကြောင်း၊ ဆိပ်ကမ်းလုပ်ငန်း၊ ရေကြောင်းလုပ်ငန်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးမှုအခြေအနေများကို အချိန်ပိုင်းအလိုက်၊ ကဏ္ဍအလိုက် ဆောင်ရွက်ထားမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ရှင်းလင်းဆောင်၌ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို ပီပြင်စွာထင်ဟပ်ဖော်ညွှန်းပြသနိုင်သည့် နေရာဒေသ ဖြစ်လာအောင် စီမံဆောင်ရွက်ရေး ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

■ **ရှေ့ဖုံးမှ**

စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရတနာလမ်းမကြီးအနီးရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ကောလိပ်တည်နေရာနှင့်အကျယ်အဝန်း၊သုံးထပ်ပင်မစာသင်ဆောင် အပါအဝင် အဆောက်အအုံများ ဆောက်လုပ်မှုအခြေအနေ၊ ရေ/မီးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းက သုံးထပ်ပင်မစာသင်ဆောင်၊ သုံးထပ် ကျောင်းသား အိပ်ဆောင်များ၊ စားရိပ်သာ၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် ကျောင်းအုပ်ကြီးနေအိမ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများ၊ သုံးထပ်ပင်မစာသင်ဆောင်၌ စာသင်ခန်းများ နေရာချထားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ကျောင်း အုပ်ကြီး ဦးစိန်ဌေးက ဝန်ထမ်းအင်အား၊ ဖွဲ့စည်းပုံ၊ သင်ကြားပေးသည့် ဘာသာရပ်များ၊ပညာသင်နှစ်အလိုက် ကျောင်းသား ဦးရေနှင့် ဘွဲ့၊ ဒီပလိုမာ ရရှိမှုအခြေအနေများအပါအဝင် သင်ကြားစီမံကိန်းရပ်များ၊ ယခု တည်ဆောက်လျက်ရှိသည့်ဒီဂရီကောလိပ်အဆောက်အအုံသစ်သို့ သင်တန်းများ ပြောင်းရွှေ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

စနစ်တကျတည်ဆောက်

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များ စီမံဖြည့်ဆည်းပေးပြီး အဆောက်အအုံများကို ပင်မစီမံကိန်းနှင့်အညီ စံချိန်စံညွှန်းပြည့်မီစွာဖြင့် ခံ့ညားသပ်ရပ်ခိုင်ခံ့အောင် စနစ်တကျ တည်ဆောက်ကြရန် မှာကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး သုံးထပ်ပင်မစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် စာသင်ခန်းများ ဖွဲ့စည်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးနှင့်တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရန်ကုန်–သန်လျင်တံတားအနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း တိုင်းရင်းသားရိုးရာဓလေ့များ ပိုမိုပြည့်စုံစွာဖြည့်စွက်ထားရှိနိုင်ရေးအတွက် တိုင်းရင်းသားရိုးရာအိမ်များအလိုက် ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများစုဆောင်းထားရှိမှု၊ ကျေးရွာအတွင်း စိမ်းလန်းစိုပြည်ရေး၊ စိတ်ချမ်းမြေ့ကြည်နူးစွာ အပန်းဖြေအနားယူနိုင်ရေးအတွက် အရိပ်ရပင်များ၊ နှစ်ရှည်ပင်များနှင့် သီးပင်စားပင်များ၊ ပန်းအလှပင်များ တစ်အုပ်တစ်မ တိုးချဲ့စိုက်ပျိုးပြီးစီးမှု၊ ကျေးရွာကို အပိုင်းအလိုက် တဖြည်းဖြည်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုနှင့် မူလသဘာဝ သစ်တော၊ သဘာဝလူနေမှုပုံစံဖြစ်ပေါ်လာစေရေးအတွက် အဆောက်အအုံများ တည်ဆောက်ရေး၊ စိုက်ပျိုးရေးနှင့် လေ့ကျင့်ပညာပေးလုပ်ငန်းများဆောင်ရွက်နေမှုများ၊ သစ်တောမိတ်ဆွေအသင်းနှင့် ပူးပေါင်း၍ လမုတော၌ သဘာဝဂေဟစနစ်ဖြစ်ထွန်းတည်တံ့ရေး တည်ဆောက်နေမှု၊ ရှမ်းတိုင်းရင်းသားရိုးရာနေအိမ်အနီးရှိ အင်းလေးကန်နှင့် ကယားတိုင်းရင်းသားရိုးရာ နေအိမ်အနီးရှိ ငွေတောင်ဆည်တို့၌ ငွေငန်းများမွေးမြူထားရှိမှုနှင့် ကျေးငှက်များလာရောက်ပျော်ပါးကြစေရေး ဆောင်ရွက်ထားရှိမှု၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးတစ်ခုလုံးကို သဘာဝပတ်ဝန်းကျင်အတွင်း ဖြစ်တည်နေသည့်အသွင်အပြင် အနေအထားမျိုးဖြစ်စေရေး ဖန်တီးတည်ဆောက်နေမှု အခြေအနေများနှင့် တိုင်းရင်းသားကျေးရွာအဝင်၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သရုပ်ဖော်ထားသည့် မုခ်ဦးတည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်စီမံဆောင်ရွက်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းမှာကြားပြီး ပြည်ထောင်စု တိုင်းရင်းသားကျေးရွာကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို ပီပြင်စွာထင်ဟပ်ဖော်ညွှန်းပြသနိုင်သည့် နေရာဒေသတစ်ခုဖြစ်လာအောင် ဆက်လက် စီမံဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာပရဝဏ်အတွင်းဝင်ရောက်မိသည်နှင့် တစ်ပြိုင်နက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး မိမိတို့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရင်း တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီးဖြစ်သည်ဟု သိမြင်ခံစားသဘောပေါက်သွားစေရအောင်နှင့် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာအတွင်း ရောက်ရှိလာသော တိုင်းရင်းသားပြည်သူများအားလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အလိုအလျောက်ပေါက်ဖွားလာပြီး ပိုမိုသိမြင်ခံစား တိုးပွားလာစေရအောင် စီမံဆောင်ရွက်ရန်ဖြစ်ကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတစ်ခွင်လုံး စိမ်းလန်းစိုပြည်သာယာလှပပြီး သစ်ပင်ပန်းမန်တို့ ဝေဆာပွင့်ဖူးနေမှုနှင့်အတူ မြန်မာနိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင် မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်မှုကို သိမြင်ခံစားသွားစေရန်လည်း စီစဉ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ပီပြင်စွာဖော်ညွှန်းပြသ

အထူးသဖြင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအဝင် မုခ်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ရှည်လျားခိုင်မာသည့် သမိုင်းစဉ်တစ်လျှောက် နှစ်ပေါင်းထောင်ချီပြီး ထူထောင်ဖြစ်တည်လာခဲ့သည့် ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှု အနှစ်သာရ၊ ကြံ့ခိုင်တောင့်တင်းခိုင်ခံ့မှု ဂုဏ်ဒြပ်တို့ကို ပီပြင်စွာဖော်ညွှန်းပြသနိုင်ရန် စီမံဆောင်ရွက်ကြရေး မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ ချုပ်အကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာန၌ သိကောင်းစရာဟောပြော

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဉ္စမထပ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် တက်ရောက်၍ အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်အေးပြည့်ဝေခင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ၊ ဝန်ထမ်းအမျိုးသမီးများ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေးပြောကြား

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက် ခုနစ်ချက်၊ ဖွဲ့စည်းပုံအဆင့်ဆင့်၊ လုပ်ငန်းအဖွဲ့ ၁၆ ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို ကဏ္ဍငါးရပ်ခွဲ၍ ရှင်းလင်းဟောပြောပြီး "အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များအောင်မြင်ရေး၊ အမျိုးသမီးများ မိမိဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသွားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်အေးပြည့်ဝေခင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။**(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဇူလိုင်လအတွက်

၁၁–၇–၂၀၀၄ ရက်နေ့နှင့်

၂၅–၇–၂၀၀၄ ရက်နေ့

ဆာမာရာမြို့၌ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဆာမာရာ ဇူလိုင် ၉

အီရတ်နိုင်ငံ ဆာမာရာမြို့တွင် အမျိုးသားအစောင့်တပ်ဖွဲ့ ဌာနချုပ်ကို ကြာသပတေးနေ့က စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမျိုးသားအစောင့်တပ်ဖွဲ့ဌာနချုပ် ပြိုကျပျက်စီးသွားခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်လေးဦးနှင့် အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့သည်။

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အမျိုးသားအစောင့်တပ်ဌာနချုပ်ရုံးကို စိန်ပြောင်းကျည် အလုံး၃၀ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆောက်အအုံပျက်စီးပြီး အမေရိကန်တပ်ဖွဲ့ဝင်လေးဦးနှင့် အစောင့်နှစ်ဦးတို့ သေဆုံးခဲ့ရသည့် အမှတ်(၁)ခြေမြန်တပ်မ၏ ဗိုလ်မှူးနီးလ်အိုဘရိန်းက ပြောကြားသည်။

သေဆုံး

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ထိုသို့အမျိုးသားအစောင့်တပ်ရုံးချုပ်အား စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်အစောင့်တပ်ဖွဲ့ဝင်များနှင့် ဆာမာရာမြို့တွင်း၌ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့သည်။ အပါချီရဟတ်ယာဉ်များက အဆောက်အအုံတစ်ခုကို ဒုံးကျည်များဖြင့် ပစ်ခတ်မှုကြောင့် အီရတ်လေးဦး သေဆုံးခဲ့သည်။

တိုက်ခိုက်မှုသည် နံနက်၁၀နာရီ ၅၅မိနစ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင် ၂၂ဦးနှင့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရခဲ့ကြောင်း အိုဘရိန်းက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးပြောက်ကျားများသည် ဆာမာရာမြို့၏ အယ်လ်ဘူဘက်ဇ်နှင့် အယ်လ်ဂျူဘေရီယာအရပ်များတွင်လည်း တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ မြို့၏လမ်းများပေါ်တွင် မျက်နှာဖုံးစွပ် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများသာ စက်သေနတ်များ၊ ဒုံးပစ်လောင်ချာများကိုင်ဆောင်လျက် သွားလာလှုပ်ရှားလျက်ရှိပြီး မြို့သည် အသွားအလာ ခြောက်ကပ်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇူလိုင် ၉ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၈၇၅ ဦး ရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၉

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ်လထဲ၌ စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။

၂၀၀၄ ခုနှစ် ဇူလိုင် ၉ ရက် သောကြာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၇၅ ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၆၅၁ ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၂၄ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၇၃၇ဦးဖြစ်ပြီး ယင်းအနက် ၅၄၂ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၁၉၅ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ (အင်တာနက်)

ဘဂ္ဂဒက်မြို့တွင် ညအချိန် အီရတ်တို့ကို ရှာဖွေစစ်ဆေးမှုများပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များအား ဇူလိုင် ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



စစ်ပြန် အမေရိကန်စစ်မှုထမ်းဟောင်းနှစ်ဦး အီရတ်စစ်ပွဲကို ဆန့်ကျင်ကြောင်း ပြောကြား

အော်စတင် ဇူလိုင် ၉

အီရတ်မှနေ၍ မကြာခင်ကမှ ပြန်ရောက်လာကြသော စစ်မှုထမ်းဟောင်းနှစ်ဦးက ကက်ပီတော်လ်၌ ဗုဒ္ဓဟူးနေ့က ကျင်းပသော လူထုအစည်းအဝေးတွင် အီရတ်စစ်ကို ၎င်းတို့ဆန့်ကျင်ကြောင်း ပြောဆိုခဲ့ကြသည်။

ယုံကြည်

အီရတ်ကိုဆင်နွှဲသည့်စစ်ပွဲကို အစပထမ၌ မိမိထောက်ခံကြောင်း မိမိ၏အစိုးရအဖွဲ့သည် ဆက်ဒမ်ဟူစိန်အစိုးရကို ဆန့်ကျင်ပြီး အီရတ်လူထုကို လွတ်မြောက်စေသည်မှာ မှန်ကန်သည်ဟု မိမိယုံကြည်ခဲ့ကြောင်း အီရတ်မှ မကြာသေးခင်က ပြန်ရောက်လာသော စစ်ပြန်ဗိုလ်ကြီး ဒေးဗစ်ဟဲရစ်က ပြောကြားသည်။

ရှုတ်ချ

၎င်းက အီရတ်၌ရှာမတွေ့သော အဖျက်စွမ်းအားကြီးသည့် လက်နက်များကို ဆက်ဒမ်ဟူစိန်က သိုလှောင်သိမ်းဆည်းထားကြောင်း စွပ်စွဲခဲ့သည့် ဘုရှ်အစိုးရအား ပြစ်တင်ရှုတ်ချခဲ့သည်။ ထို့ပြင် ၎င်းက ဒီမိုကရက်တစ်သမ္မတလောင်း အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီနှင့် ဂျွန်အက်ဒ်ဝပ်တို့ကို မဲပေးကြရန် လူအုပ်ကြီးအား တိုက်တွန်းခဲ့သည်။

အီရတ်မှ မကြာခင်က ပြန်ရောက်လာသော မရိန်းတပ်ဖွဲ့ဝင်ဟောင်းဖြစ်သူ မိုက်ခ်ဟော့ဖ်မင်းကလည်း ဆက်ဒမ်ကိုဖမ်းမိသော်ငြားလည်း အီရတ်၌ အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

စီအိုင်အေ၏ သတင်းမှားများ အပြည့်အဝ မဖော်ပြခဲ့ကန်အထက်လွှတ်တော်စုံစမ်းရေးအစီရင်ခံစာ၌ ဖော်ပြထား

ဝါရှင်တန် ဇူလိုင် ၉

အီရတ်လက်နက်များဆိုင်ရာ ထောက်လှမ်းရေးသတင်းများ ရယူခန့်မှန်းမှုကို အထက်လွှတ်တော်က စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်တော့မည် ဖြစ်သည်။

၎င်းအစီရင်ခံစာ၌ အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ)အနေဖြင့် မှားယွင်းစွာ ကောက်ချက်ချမှုများနှင့် ရရှိသည့်သတင်းများကို အပြည့်အဝ မဖော်ပြခြင်းများရှိခဲ့ကြောင်း ထောက်ပြထားသည်။

အစီရင်ခံ

ရာထူးမှ နုတ်ထွက်တော့မည့် (စီအိုင်အေ) ညွှန်ကြားရေးမှူး ဂျော့ချ်တီနက်အနေဖြင့် အမေရိကန် လက်နက်ကျွမ်းကျင်သူတစ်ဦးအပေါ် မှီခိုအားထားမှုပြုလွန်းနေကြောင်း ဝေဖန်ထားသည်။ အီရတ်၌တွေ့ရှိရသော အလူမီနီယမ်ပြွန်များသည် ပြည့်ဝယူရေနီယမ်များ ထုတ်လုပ်ရာတွင် အသုံးပြုခြင်းဖြစ်ကြောင်း ၎င်းကျွမ်းကျင်သူက ပြောကြားချက်အပေါ် စီအိုင်အေက ကိုးကားကာ အီရတ်၌ အစွမ်းထက်လက်နက်များ ထုတ်လုပ်နေကြောင်း အစီရင်ခံခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး အမေရိကန် လက်နက်ရှာဖွေရေးမှူး ဒေးဗစ်ကေးကလည်း ဝေဖန်ခဲ့သည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အစွမ်းထက်လက်နက်များ ထုတ်လုပ်မှုအစီအစဉ် မရှိတော့ကြောင်း၊ အီရတ်သိပ္ပံပညာရှင်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ ပြောကြားချက်များကိုလည်း စီအိုင်အေအဖွဲ့က အီရတ်အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြမှုမပြုခဲ့ကြောင်း လွှတ်တော်စုံစမ်းစစ်ဆေးမှုအဖွဲ့က ဝေဖန်ခဲ့သည်။

အီရတ်လက်နက်ဆိုင်ရာ သတင်းအချက်အလက်များ ခန့်မှန်းကောက်ချက်ချမှုကို အပြင်းအထန် ဝေဖန်ထားသော အစီရင်ခံစာများ ထွက်ပေါ်လာချိန်တွင် စီအိုင်အေညွှန်ကြားရေးမှူး တီနက်သည် ရာထူးမှနုတ်ထွက်ပြီး တာဝန်ကို ရှောင်လွှဲသွားကြောင်း သိရသည်။

(စီအင်န်အင်န်)

ခုခံတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားနေမှု အီရတ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နှေးကွေးရ

ဘာဆာရာ ဇူလိုင် ၉

အီရတ်နိုင်ငံ၌ အမြဲလိုလိုဖြစ်ပွားနေသော ခုခံတိုက်ခိုက်မှုများကြောင့် အီရတ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား နှေးကွေးစွာ အကောင်အထည်ဖော်ဆောင်ရွက်နေရသည်။ အီရတ်နိုင်ငံ ဘာဆာရာမြို့၌ နှစ်ပေါင်းမြောက်မြားစွာ မပြုပြင်ဘဲထားရှိခြင်းကြောင့် သောက်သုံးရန် မသင့်တော်တော့သည့် ရေဖြန့်ဖြူးရေး ပိုက်လိုင်းကြီးအား ပြုပြင်လျက်ရှိသည်။

အရေးအကြီးဆုံး

အီရတ်မြို့ပြ အင်ဂျင်နီယာများကိုယ်တိုင် ကြီးကြပ်ကာ ပံ့ပိုးငွေများဖြင့် အကောင်အထည်ဖော် ပြုပြင်လျက်ရှိခြင်းဖြစ်သော်လည်း ပြန်ပေးဆွဲ သတ်ဖြတ်ခံရမည့် အန္တရာယ်များအကြားမှ ဆောင်ရွက်နေခြင်းဖြစ်သည်။ ဒေသခံ အီရတ်လူမျိုးတစ်သန်းခန့်အတွက် ရေပြတ်လပ်မှုပြဿနာကို အမှန်တကယ် ဖြေရှင်းပေးနိုင်မည် မပေးနိုင်မည်မှာ သေချာရေရာမှုမရှိဘဲရှိသည်။

အီရတ်နိုင်ငံ၌ ရေပြတ်လပ်မှုသာမက လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများနှင့်ပါ ကြုံတွေ့နေရရာ ပြန်လည်ပြုပြင်ရေးအဖွဲ့များအနေဖြင့် လုံခြုံရေးရရှိမှသာ အောင်မြင်စွာပြုပြင်ပေးနိုင်မည်ဖြစ်ပြီး လုံခြုံရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးသည် နံပါတ်တစ် အရေးကြီးဆုံးအချက် ဖြစ်လျက်ရှိသည်။ **(စီအင်န်အင်န်)**

ယာဉ်ပျက်စီး

ဘဂ္ဂဒက်မြို့တောင်ဘက် အယ်ဒိုရာအရပ်တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇူလိုင် ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

11-7 (04).p65 1 03/24/1905, 8:43 PM

● **ရှေ့ဖုံးမှ**

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အိပ်ဆောင်များသို့သွားရောက်၍ အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ဌာနေမိသားစုများထံ ပြန်ကြတော့မည် အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်၍ ညီလာခံကိုယ်စားလှယ်များအတွက် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော အရောင်းဆိုင်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝယ်ယူအားပေးနေကြသော ညီလာခံကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၂၅ မိနစ်တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏အိပ်ဆောင်များသို့ ရောက်ရှိကြပြီး ညီလာခံခေတ္တရပ်နားသဖြင့် နေရပ်သို့ ပြန်လည်ထွက်ခွာကြတော့မည့် အမျိုးသား ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ညီလာခံကိုယ်စားလှယ်များအတွက် အလွယ်တကူဝယ်ယူနိုင်ရန် သက်သာချောင်ချိသောဈေးနှုန်းများဖြင့် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း GEC အရောင်းဆိုင်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာ အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝယ်ယူအားပေးနေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မျက်မှန်ကျွမ်းကျင်(အငြိမ်းစား) ဝန်ထမ်းများဦးစီးသော နိုင်ငံတကာအဆင့်မီ မြန်မာမျက်မှန်ဆိုင်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆက်သွယ်ရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စခန်းရှိ ညှော်ခံကျွေးမွေးရေး ဆပ်ကော်မတီရုံးခန်းသို့ရောက်ရှိကြပြီး နေရပ်သို့ ပြန်လည်ထွက်ခွာရန် စုစည်းရောက်ရှိနေကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အစည်းအဝေးအောင်မြင်အောင် အပြုသဘောနှင့် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးအကြံပေးကြသည့် ကိုယ်စားလှယ်ကြီးများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး အဆင်မပြေမှုများရှိပါကလည်း ခွင့်လွှတ်သည်းခံ ကြစေလိုကြောင်း၊ နောက်တစ်ကြိမ် အစည်းအဝေးတွင် ယခုထက်ပိုမိုအဆင်ပြေအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကြီး ပြီးဆုံး၍ ခေတ္တရပ်နားပြီး မိမိတို့၏ဌာနေမိသားစုများထံ ပြန်ကြတော့မည့် ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမေရိကန်နိုင်ငံမှပညာရှင်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် ရန်ကုန်မြို့၌ရောက်ရှိနေသော အမေရိကန်နိုင်ငံမှ Myanmar Youth Association,Teachers Across Borders U.S.A, People to People Groupနှင့် Myanmar Women (New York) အဖွဲ့တို့ကိုကိုယ်စားပြုသည့် ပညာရှင်အဖွဲ့ဝင်များအား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ ဌာနေပြန်ကြ တော့မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း နေရာကွက်၍ မိုးကြီးနိုင်

ရန်ကုန် ဇူလိုင် ၁၀

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၌ ဒေသအလိုက်နှင့် မကွေးတိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်၍ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။



ကျောက်ထုလေယာဉ်ကွင်းနှင့် လေကြောင်းခရီးသည် နိုင်ငံတော်ကဆောင်ရွက်ပေးသည့်ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ် နိုင်ငံတော်က ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် အခြေခံလိုအပ်ချက်များတည်ဆောက်ပေးနေ ပြည်သူများက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီဝိုင်းဝန်းအကောင်အထည်ဖော်

ရန်ကုန် ဇူလိုင် ၁၀

မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့၌ ပို့ဆောင်ရေးဝန်ကြီးဌာန၏လုပ်ငန်းအပ်နှံချက်အရ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ကျောက်ထုလေဆိပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် အဆိုပါလေယာဉ်ကွင်းအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက် အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုလေယာဉ်ကွင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်ထုလေဆိပ်ဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးညွှန်ကြားရေးမှူးဗိုလ်ချုပ်တင်ထွန်း၊ တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်၊ ဂန့်ဂေါခရိုင်နှင့် မင်းတပ်ခရိုင်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်း၌ ကျင်းပသောအမျိုးသားညီလာခံ တက်ရောက်ခဲ့ကြသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊အရေးပေါ်အဖွဲ့ဝင်များ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များ၊ စည်တော်အဖွဲ့နှင့်ချင်းရိုးရာအကအဖွဲ့ဝင်များ၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ မင်းတပ်မြို့နယ်တို့မှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၇၀၀၀ ကျော် တက်ရောက်ကြသည်။

ပိုမိုလွယ်ကူ

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာ၌ ယခုဖွင့်လှစ်လိုက်သည့် ကျောက်ထုလေယာဉ်ကွင်းသည် မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့အနီး၌ရှိကြောင်း၊ ဤလေယာဉ်ကွင်းတည်ရှိသည့် ကျောက်ထုမြို့သည် ဆော-လောင်းရှည်-ဆိပ်ဖြူ-ချောက်သို့လည်းကောင်း၊ ဆောမှတစ်ဆင့် ချင်းပြည်နယ်ကန်ပက်လက်-မင်းတပ်သို့လည်းကောင်း၊ အဓိကအားဖြင့် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်-မတူပီသို့လည်းကောင်း၊ မကွေးတိုင်း အနောက်မြောက်ဘက် ထီးလင်း-ဂန့်ဂေါသို့လည်းကောင်း၊ အရှေ့ဘက် ပေါက်-ကမ္မ-ပခုက္ကူသို့လည်းကောင်း မော်တော်ယာဉ်များဖြင့် သွားလာနိုင်သောအချက်အချာကျသည့် ဒေသဖြစ်ပြီး ချင်းပြည်နယ်တောင်ပိုင်းနှင့် ယောဒေသ၊ ပခုက္ကူဒေသတို့ကို ကူးသန်းရောင်းဝယ်သွားလာရေးအတွက် ပိုမိုလွယ်ကူစွာ သွားရောက်နိုင်တော့မှာဖြစ်ကြောင်း။

မကွေးတိုင်း၌ ယခင်က အပေါ့စားလေယာဉ်များ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများအပါအဝင် ကွင်းခုနစ်ကွင်းရှိခဲ့ရာမှ ယခုအခါ ကျောက်ထု လေယာဉ်ကွင်းပါ ထပ်မံဖွင့်လှစ်နိုင်သည့်အတွက် နိုင်ငံတော်က မကွေးတိုင်း၏ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံကောင်းအုတ်မြစ်တစ်ချပ်ထပ်မံ ချမှတ်ပေးလိုက်ခြင်းလည်းဖြစ်ကြောင်း၊ ထို့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးတွင် လေကြောင်းကဏ္ဍ၏ ခြေလှမ်းသစ်တစ်ရပ်ဖြစ်သည်ဟုလည်း ဆိုနိုင်မှာဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှုများလာပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ခိုင်မာလာမည်ဖြစ်ကြောင်း"၊ "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အဆင့်လိုက်ဦးစားပေး အစီအစဉ်ဖြင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း"** စသည်ဖြင့် လမ်းညွှန်မှာကြားမှုပြုထားကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်ပိုင်တီထွင် ကြံဆမှုအတတ်ပညာများပူးပေါင်းကာ တစ်ခုပြီး တစ်ခု တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ လေယာဉ်ကွင်းသစ်များ ဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်းအဟောင်းများကို အဆင့်တိုးမြှင့်ခြင်း၊ မော်တော်ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူး ချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ သဘော်ဆိပ်ခံတံတားများ တည်ဆောက်ခြင်းစသည့် လမ်းပန်းဆက်သွယ်မှု၏ အခြေခံကောင်းများကို မြန်မာအင်ဂျင်နီယာအတတ်ပညာရှင်များကိုယ်တိုင် အားကြိုးမာန်တက် တည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယခု ကျောက်ထုလေယာဉ်ကွင်းကိုလည်း တပ်မတော်အင်ဂျင်နီယာများကိုယ်တိုင်ဦးဆောင်တည်ဆောက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယခင်က နိုင်ငံတော်တွင် ဂျက်လေယာဉ်ဆင်း/တက်နိုင်သည့် လေယာဉ်ကွင်းခြောက်ကွင်းသာ ရှိခဲ့ပြီး ယခုဖွင့်လှစ်သည့် ကျောက်ထု လေယာဉ်ကွင်းနှင့်ပါ ဆိုပါက ယခုအခါ ၂၂ကွင်းထိဖြစ်ပေါ်လာနေပြီဖြစ်ကြောင်း။

ယခု ဖောက်လုပ်တည်ဆောက်နေသော မော်တော်ကားနှင့် မီးရထားလမ်းများ၊ တံတားများ၊ လေယာဉ်ကွင်းများ၏ အနေအထားကို လေ့လာကြည့်မည်ဆိုပါက ပြည်နယ်၊ တိုင်းတစ်ခုနှင့် တစ်ခုအကြား သွားလာမှုလွယ်ကူ လျင်မြန်သွက်လက်စေရန် အလေးထား ဆောင်ရွက်နေသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း။

ဆက်သွယ်ဖောက်လုပ်

နိုင်ငံတော်တစ်ဝန်း သဘာဝပထဝီအနေအထားအရ တောင်နှင့်မြောက် တည်ရှိနေသည့် လမ်းများကိုပိုမိုချောမွေ့ကောင်းမွန်အောင် တိုးချဲ့ပြုပြင်နေသည်သာမက အရှေ့နှင့်အနောက် သွားလာမှုကိုပါ လွယ်ကူအောင် အရှေ့အနောက်လမ်းများဖောက်လုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ တိုးချဲ့ပြုပြင်ဖောက်လုပ်သည့် လမ်းတံတားများကနေ မြန်မာပြည်အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက်ကို ရာသီမရွေး၊ အချိန်မရွေး လွယ်လင့်တကူ ဆက်သွယ်သွားလာနေကြပြီးဖြစ်ကြောင်း၊ ထို့အပြင် **'ကျေးရွာချင်းဆက် မြို့ကိုတက်'** ဆိုသည့် ဆောင်ပုဒ်အတိုင်း ကျေးလက်နှင့်မြို့ရွာဆက်သည့် လမ်းများကိုလည်း အများအပြား ဆက်သွယ်ဖောက်လုပ်ပေးခဲ့ကြောင်း။

နိုင်ငံတော်အစိုးရက ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအတွက် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ပြီး ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖြစ်ထွန်းမှု၊ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုများ ရရှိစေမှာဖြစ်ကြောင်း၊ မကွေးတိုင်း၏ မြင့်မားတိုးတက်နေသည့် စီးပွားရေး၊ လူမှုရေးအခြေအနေများကို အရှိန်အဟုန်ရှိရှိ ပိုမိုမြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်၊ တိုင်းနှင့် နယ်စပ်ဒေသများပါမကျန် အကြားအလပ်မရှိ ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် တိကျမှန်ကန်သည့် စီမံကိန်းများ၊ စီမံချက်များကိုချမှတ်ပြီး နိုင်ငံတော်အစိုးရက ပြည်သူတစ်ရပ်လုံး၏ ပါဝင်မှုစွမ်းအားကိုရယူပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနေလျက်ရှိကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁



ကျောက်ထုလေယာဉ်ကွင်း

ဇူလိုင် ၁၀ ရက်က ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက် ဖွင့်လှစ်လိုက်သော ကျောက်ထုလေယာဉ်ကွင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

11-7 (06).p65 1 03/24/1905, 8:43 PM

ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်

ပုထိုးလုံးတံတား

တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့က တည်ဆောက်ခဲ့သော စစ်ကိုင်းတိုင်း ကနီမြို့နယ်ရှိ ပုထိုးလုံးတံတားကို ဤသို့ခံ့ညားထည်ဝါစွာ တွေ့ရသည်။



မြစ်သာ မြစ်ကူးတံတား

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ကလေးဝမြို့အဝင် ကလေး-မုံရွာ ကားလမ်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့သော အရှည်ပေ ၂၀၀ရှိ မြစ်သာတံတား (ကလေးဝ)ကို တွေ့ရစဉ်။(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

ပန်းဆေးတံတား

မန္တလေးတိုင်း တံတားဦးမြို့နယ် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းပေါ်တွင် တည်ရှိသော အရှည်ပေ ၂၀၀ ရှိ ပန်းဆေးတံတားကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)



ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ မွန်ပြည်နယ် ရေးမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော တံတားအရှည် ၈၅၇ပေ၊ သံကူကွန်ကရစ်အမျိုးအစား၊ရထားလမ်း၊ ကားလမ်း ပါရှိသည့် ရေးမြစ်ကူး တံတားကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✻ *ကျော်ဖုံးမှ*

ရေးဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံဖွင့်ပွဲ အခမ်းအနားကို နံနက်၉နာရီ မိနစ်၂၀တွင် (၈၇)ရပ်ကွက် အဆိုပါဆေးရုံရှေ့မျက်နှာစာ၌ ကျင်းပသည်။

ပြည်သူ့ဆေးရုံဖွင့်

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က ဖဲကြိုးဖြတ်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မဇ္ဈူသကပင်ကို ပြည်သူ့ဆေးရုံရှေ့၌ စိုက်ပျိုးပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ အမျိုးသားလူနာဆောင်၊ ဓာတ်ခွဲခန်းနှင့် ဆေးရုံအဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါပြည်သူ့ဆေးရုံမှာ အလျား၁၂၂ပေ၊ အနံ၁၀၄ပေရှိ R.C အမျိုးအစား တစ်ထပ်ဖြစ်ပြီး (၁၆)ခုတင်ဆံ့ ဆေးရုံဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် (၁၆၈)ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြပြီး အဆိုပါကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ယင်းနောက် ကျောင်းခန်းမ၌ ပြည်သူ့ဆေးရုံနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားအစီအစဉ်များကို ဆက်လက်ကျင်းပရာ ရေးဦးစွာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံနှင့် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် လွန်ခဲ့သည့် ၁၆နှစ်တာကာလ ရန်ကုန်မြို့တော်ကြီး၏ အခြေအနေကို ပြန်ပြောင်းကြည့်လျှင် မြို့တော်၏နေရာအနှံ့အပြား၌ ရာရာ အိမ်ဆောက်ပစ္စည်းဖြင့် ဖြစ်ကတတ်ဆန်းဆောက်လုပ်ထားသည့် အိမ်ရာမဲ့ ပြည်သူများ၏ ကျူးကျော်တဲအိမ်များကို အမြောက်အမြားတွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ရာဇဝတ်မှုထူပြောခြင်း၊ မီးမကြာခဏ လောင်ကျွမ်းခြင်း၊ ကျန်းမာရေးအဆင့်အတန်းနိမ့်ကျခြင်း စသည့်အနိဋ္ဌာရုံများနှင့် ရန်ကုန်မြို့သည် မြို့တော်၏အင်္ဂါရပ်များနှင့်မညီသည့် အခြေအနေမှာရှိနေခဲ့ပါကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၇)ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဆေးရုံရှေ့တွင် မဇ္ဈူသကပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အိမ်ပိုင်ရာပိုင်ဘဝရောက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ တာဝန်ကိုယူပြီးသည့်နောက် ရန်ကုန်မြို့၌ရှိသည့် အိမ်ရာမဲ့ပြည်သူများ၏ နေရေးပြဿနာကို စနစ်တကျဖြေရှင်းပေးနိုင်ရန် နည်းလမ်းရှာဖွေဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရွှေပြည်သာမြို့သစ်၊ လှိုင်သာယာမြို့သစ်၊ ဒဂုံမြို့သစ် အစရှိသည့် မြို့သစ်များကို ရန်ကုန်မြို့နှင့် တစ်ဆက်တစ်စပ်တည်း တိုးချဲ့တည်ဆောက်ပြီး များပြားလှသည့် အိမ်ရာမဲ့ ပြည်သူများကို အိမ်ပိုင်ရာပိုင်ဘဝသို့ ရောက်ရှိစေခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရက မြို့သစ်များတည်ဆောက်ရာ၌ မြို့ပြစီမံကိန်းများ စနစ်တကျရေးဆွဲပြီးမှ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်တွေ့ အကောင်အထည်ဖော်ရာ၌လည်း နှစ်စဉ်စီမံကိန်းများနှင့် ရေရှည်တိုးတက်စေရန် ရည်ရွယ်လျက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုးချဲ့ဖြည့်ဆည်းပေး

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မြို့သစ်များ တည်ဆောက်ပြီးသည့်နောက်တွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး မြို့အင်္ဂါနှင့် ညီညွတ်သည့်မြို့များဖြစ်လာစေရန် အခြေခံအဆောက်အအုံများကို နှစ်စဉ်အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း၊ မြို့သစ်နေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေး၊ စီးပွားရေးဝန်ဆောင်မှု အဆောက်အအုံများကိုလည်း တိုးချဲ့ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

အထူးသဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် အကောင်အထည်ဖော်ခြင်းသာမက မြို့သစ်နေပြည်သူများ အလုပ်အကိုင်နှင့် ဝင်ငွေတိုးပွားစေရန်အတွက် စက်မှုဇုန်၊ စက်မှုမြို့များကိုလည်း တည်ဆောက်ပေးခဲ့ပါကြောင်း။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သည် စုစုပေါင်းဧရိယာ ၃၂ဒသမ ၉၇၃ စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်ကွက်ပေါင်း ၃၅ရပ်ကွက်၊ အိမ်ထောင်စုပေါင်း ၁၃၂၅၈စု၊ လူဦးရေ ၇၀၀၀၀ခန့် နေထိုင်လျက်ရှိပါကြောင်း၊ ပဲခူးမြစ်ကမ်း၌ တည်ရှိသည့်အလျောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေတံခါးများ တည်ဆောက်ပြီး ကမ်းပတ်တာနှင့် လမ်းမကြီးပတ်လမ်းအဖြစ် နှစ်မျိုးသုံးရန် ဖောက်လုပ်ထားသည့် ဆိပ်ကမ်းသာလမ်းနှင့် ပဲခူးမြစ်လမ်း၊ ရတနာလမ်း၊ မြနန္ဒာလမ်း၊ ရွှေလီလမ်း၊ ဒုဋ္ဌဝတီလမ်း၊ ပုဏ္ဏမီလမ်း၊ ကွမ်းအပ်သားမင်းသားလမ်း၊ ကနောင်မင်းသားကြီးလမ်း၊ ကျန်စစ်သားလမ်းစသည့် လမ်းအသီးသီးကို ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ထားပြီးဖြစ်ပါကြောင်း၊ ယခုအခါ ဒဂုံဆိပ်ကမ်းစက်မှုမြို့ ယုဇနဉယျာဉ်မြို့တော်နှင့် အမှတ်(၂) ရန်ကုန်-သန်လျင်တံတား တည်ဆောက်မှုတို့ကြောင့် အလွန်ပင် စည်ကားလျက်ရှိပါကြောင်း။

ယနေ့အခမ်းအနားကျင်းပရာ (၁၆၈) ရပ်ကွက် ဒဂုံမြို့သစ်မှာ လက်ရှိအနေအထားအရ အစွန်ဆုံးရပ်ကွက်တစ်ခုဖြစ်ပါကြောင်း၊ ဤရပ်ကွက်တွင် မိမိတို့ဌာနက ရေရရှိရေးအတွက် အဝီစိတွင်းများ၊ စာသင်ကျောင်း၊ စာဖတ်ခန်း၊ မူကြိုကျောင်း၊ ဈေး၊ လူနေဆိုင်ခန်း၊ Cover Market၊ Open Market၊ ဘုန်းတော်ကြီးကျောင်း၊ သိမ်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စသည့်များကို တည်ဆောက်ပေးခဲ့ပါကြောင်း၊ လမ်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် စုစုပေါင်း ၂၂ပေအကျယ်၊ ရှစ်လက်မထု၊ ပေ ၄၉၀၀ အရှည် ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ၎င်းအပြင် ဆေးပေးခန်းတစ်ခန်းလည်း တည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးက (၁၆၈) ရပ်ကွက်သာမက ဆက်စပ်နေသည့် အခြားရပ်ကွက်များမှ ပြည်သူများအားလုံး၏ ကျန်းမာရေးအတွက် ဆေးပေးခန်းအဆင့်သာမဟုတ်ဘဲ ဆေးရုံတစ်ရုံ တိုးမြှင့်ဆောက်လုပ်ပေးရန် ၂၀၀၃ခုနှစ် ဇူလိုင် ၂၀ရက် အမက(၆) ကျောင်းဆောင်ဖွင့်ပွဲကို ကြွရောက်ချီးမြှင့်စဉ်က လမ်းညွှန်မှုပေးခဲ့ပါကြောင်း၊ ဗိုလ်ချုပ်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ယနေ့ဖွင့်လှစ်သည့် ခုတင် ၁၆လုံးဆံ့ ပြည်သူ့ဆေးရုံကို ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ဤဆေးရုံမှာ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ လူနာဆောင်၊ ပစ္စည်းသိုလှောင်ခန်း၊ ဆရာဝန်နားနေခန်း၊ သူနာပြုနားနေခန်း၊ ပြင်ပလူနာခန်းတို့အပြင် အအေးတိုက်နှင့် နှစ်ထပ်နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံး ပါဝင်ပါကြောင်း၊ ဤဆေးရုံကို Integrated Engineering Group က တာဝန်ယူဆောက်လုပ်ခဲ့ပါကြောင်း။

(၁၆၈)ရပ်ကွက်သည် အစွန်ကျသော်လည်း ဒဂုံဆိပ်ကမ်း စက်မှုမြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလာသည်ကို တွေ့ရှိရပါကြောင်း၊ အိမ်ထောင်စုဦးရေ တိုးပွားလာသည်နှင့်အမျှ ရပ်ကွက်နေပြည်သူတို့၏ ရင်သွေးငယ်များအတွက် စာသင်ကျောင်း ထပ်မံတိုးချဲ့ရန် လိုအပ်လာပါကြောင်း။

ရည်ရွယ်ဆောက်လုပ်

ထို့ကြောင့် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ၌ ယခုဖွင့်လှစ်သည့် အမက(၇) ရှစ်ခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ နောင်တွင် ကျောင်းသားဦးရေ ထပ်မံတိုးပွားလာပါက အလယ်တန်းအဆင့်သို့ တိုးမြှင့်နိုင်ရန်လည်း ရည်ရွယ်ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းဖွင့်ရာသီ၌ မိမိတို့ဌာနနှင့် လုပ်ငန်းရှင်များက ကျောင်းပေါင်း ၂၀ တည်ဆောက်ထားပြီးဖြစ်ပါကြောင်း၊

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသော ပြည်သူ့ဆေးရုံကိုတွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ဖွင့်လှစ်သည့်ကျောင်းသည် ခုနစ်ကျောင်းမြောက်ဖွင့်လှစ်သည့်ကျောင်း ဖြစ်ကြောင်း၊ ဌာန၏ကြီးကြပ်မှုဖြင့် အောင်ဆောက်လုပ်ရေး အဖွဲ့က တာဝန်ယူ ဆောက်လုပ်ခဲ့ကြောင်း။

မိမိတို့ဌာနအနေဖြင့် ဒဂုံ(ဆိပ်ကမ်း) မြို့သစ် ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် မြို့ပြစီမံကိန်းနှင့်အညီ နည်းလမ်းမျိုးစုံဖြင့် ဆက်လက်အကောင်အထည်ဖော် သွားမှာဖြစ်ကြောင်း၊ အဆင့်မြင့်အိမ်ရာမြေကွက်များဖော်ထုတ်မှုစီမံကိန်း၊ ခေတ်မီ ဂေါက်ကွင်းတည်ဆောက်ရေးစီမံကိန်းနှင့် အဓိကလမ်းများနှင့် ပတ်ဝန်းကျင် ဆက်စပ်လမ်းများအဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်အကောင် အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဗိုလ်မှူးကြီး တင်ထွန်းက ပြည်သူ့ဆေးရုံ၏မြေနေရာ၊ အဆောက်အအုံတို့နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်အားလည်းကောင်း၊ ကျောင်းဆောင်သစ်၏ မြေနေရာ၊ အဆောက်အအုံတို့နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ အားလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းအမှတ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၇)နှင့် ဒလပန်းအခြေခံပညာ မူလတန်းကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ် ၁၅၁၀ဒါဇင်နှင့် ခဲတံ ၇၅၅ဒါဇင် တို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများအား ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်သူ့ဆေးရုံအတွက် အလှူရှင်များဖြစ်ကြသည့်ဒဂုံဆိပ်ကမ်းမြို့ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်ထွန်းက ကော်မတီ၏ လှူဒါန်းငွေကျပ် တစ်သိန်း၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသန်းငွေက စီမံခန့်ခွဲရေးကော်မတီက လှူဒါန်းသည့် ငွေကျပ် ၁၂သိန်းဖိုးရှိ ဆေးရုံသုံးပစ္စည်း များ၊ ဦးကျော်နိုင်-ဒေါ်စန်းစန်းဝင်း (Integrated Engineering Group)က ငွေကျပ် ခုနစ်သိန်း၊ ဦးအုံ့ကျော်၊ ဦးချို၊ ဦးခင်သိန်း၊ ဒေါ်ပိုက်မိတို့က ငွေကျပ် ခြောက်သိန်းဖိုးရှိ ဆေးရုံသုံးဗီရိုအလုံး၂၀၊ ဦးစံလင်း(ကားနှင့်ကားအပို ပစ္စည်း ထုတ်လုပ်ရေး)က ငွေကျပ် ငါးသိန်း၊ ဦးမောင်မောင်(ရွှေကမ္ဘာဆောက်လုပ်ရေး) က ငွေကျပ်ငါးသိန်း၊ ယုဇနဆောက်လုပ်ရေးက ငွေကျပ် ငါးသိန်း၊ ဦးဇော်ဇော်နိုင်- ဒေါ်ရီရီမြင့် (မေခလာဆောက်လုပ်ရေး)က ငွေကျပ်ငါးသိန်းလေးသောင်း၊ ဦးတင်သိန်း(အေးရိပ် ငြိမ်ဆောက်လုပ်ရေး)က ငွေကျပ်နှစ်သိန်း၊ ဦးစံလှိုင် (အောင်ဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးမောင်စံ (မြသီတာ ဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင် (Great Wall ဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်းနှင့် ဒေါ်ရဲမာမော်နိုင် (Seven Star အထည်ချုပ်စက်ရုံ)တို့က ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ၅၁ ဒသမ ၉ သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အခြေခံပညာမူလတန်း ကျောင်းအတွက် ဒဂုံဆိပ်ကမ်းမြို့ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်ထွန်း က ကော်မတီ၏လှူဒါန်းငွေကျပ်တစ်သိန်း၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီ အတွင်းရေးမှူး ဦးသန်းဇော်ထွေးက ကော်မတီ၏ လှူဒါန်းငွေကျပ် သုံးသိန်း၊ ဦးမောင်မောင်(ရွှေကမ္ဘာဆောက်လုပ်ရေး)က ငွေကျပ်ငါးသိန်း၊ ဒေါ်နန်းအေးမြင့် (နန်းကေရီဆောက်လုပ်ရေး)က ငွေကျပ် သုံးသိန်းလေးသောင်း သုံးထောင်၊ ဦးတင်သိန်း(အေးရိပ်ငြိမ်ဆောက်လုပ်ရေး)က ငွေကျပ်သုံးသိန်း၊ ဦးဇော်ဇော်နိုင်-ဒေါ်ရီရီမြင့် (မေခလာဆောက်လုပ်ရေး)က ငွေကျပ်သုံးသိန်းတစ် သောင်းငါးထောင်၊ ဦးစံလှိုင်(အောင်ဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်း ငါးသောင်း၊ ဦးကျော်နိုင်-ဒေါ်စန်းစန်းဝင်း (Integrated Engineering Group)က ငွေကျပ် တစ်သိန်းငါးသောင်း၊ဦးမောင်စံ(မြသီတာ ဆောက်လုပ်ရေး) က ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင် (Great Wall ဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်း၊ ဦးချို(ရွှေမိသားစု) က ငွေကျပ်တစ်သိန်း၊ ဒေါ်ရဲမာမော် နိုင်(Seven Star အထည်ချုပ်စက်ရုံ)က ငွေကျပ်တစ်သိန်းနှင့် ဦးဘနီ၊ ဦးကျော်မြင့် (Ever Myanmar ဆောက်လုပ်ရေး)တို့က ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၅၈ သိန်းတို့ကို ပေးအပ် လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က လက်ခံသည်။

ယင်းနောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ပြည်သူ့ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာရဲမြင့်လေးက ပြည်သူ့ဆေးရုံတည်ဆောက်ပေးမှုအတွက် လည်းကောင်း၊အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်က ကျောင်းဆောင်သစ်တည်ဆောက်ပေးမှုအတွက်လည်းကောင်း ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က အမှာစကားပြောကြားရာတွင် ယနေ့ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ (၁၆)ခုတင်ဆံ့ ဆေးရုံသစ်နှင့် မူလတန်းကျောင်းဆောင်သစ်တစ်ခုတစ်ပြိုင်တည်း ဖွင့်လှစ် နိုင်ခဲ့ပြီဖြစ်သဖြင့် အလွန်ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါကြောင်း။

အခြေခံကောင်းများဖြစ်ထွန်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် မိဘပြည်သူ များ၏ ကျန်းမာရေးစောင့်ရှောက်ပေးရေးနှင့် ရင်သွေးငယ်များ၏ပညာရေးတို့ အတွက် အထောက်အကူဖြစ်စေမည့် အခြေခံကောင်းများတစ်ပြိုင်တည်း ဖြစ်ထွန်း လာခြင်းလည်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြ ရပ်ရွာများ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၄နှစ် ၁၅နှစ်ကြာ စဉ်ဆက်မပြတ် အင်တိုက်အားတိုက် အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိရာတွင် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အခြေခံကောင်းများကို မပျက်မကွက် ထည့်သွင်းတည်ဆောက် အကောင် အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လိုအပ်ချက်ဖြည့်ဆည်း

နိုင်ငံတော်အကြီးအကဲနှင့်တကွ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် နယ်စပ်အစွန်အဖျားနှင့် ကျေးလက်ဒေသများပါမကျန် အခြေခံဒေသများအထိ ကိုယ်တိုင်သွားရောက်ပြီး ပြည်သူအများ၏ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက် အဝဝကို ကူညီစောင့်ရှောက်ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း။

ယင်းကဲ့သို့ တောင်ပေါ်နှင့်မြေပြန့်၊ နယ်စပ်နှင့်အတွင်းပိုင်းဒေသများဟူ၍ ခွဲခြားမှုမရှိစေဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံဆောင်ရွက်ပေးနေခြင်းသည် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် အားဖြည့်ထောက်ကူ ပေးနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်ကိုကျေးဇူးတင်

ဤကဲ့သို့ နိုင်ငံတော်တိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးမှုများတွင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် လူငယ်လူရွယ် များ၏ ပညာရေးမြှင့်တင်ပေးမှုများကို မဖြစ်မနေထည့်သွင်းဆောင်ရွက်ပေးလျက် ရှိသည်နှင့်အညီ ယနေ့ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌လည်း အကောင်အထည် ပေါ် ဖြစ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း၊ ယင်းအတွက် ပညာရေးမိသားစု၏ ကိုယ်စားသော်လည်းကောင်း၊ ရပ်မိရပ်ဖများ၏ကိုယ်စားသော်လည်းကောင်း နိုင်ငံတော် အစိုးရကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့၌ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများအဆင့်တိုးမြှင့်ပေးရေး၊ မြို့နယ် နှစ်ခုလုံး၌ (၁၆) ခုတင်ဆံ့ဆေးရုံတစ်ရုံစီရှိအောင် စီစဉ်ဆောင်ရွက်ပေးရေးတို့အပါအဝင် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် ကျောင်းဆောင်သစ်နှင့်စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၂၆၀၊ အနံ ပေ၃၀၊ RC အမျိုးအစား နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စာသင်ခန်း ၁၄ ခန်းပါဝင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပေးအပ်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အတွင်းရှိ အခြေခံပညာ မူလတန်း ကျောင်း များ အတွက် ကျောင်းသုံး ဗလာစာအုပ်နှင့် ခဲတံ များကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် ကျောင်း သား ကျောင်း သူများအား ပေးအပ် စဉ်။

(သတင်းစဉ်)

ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးစည်းဝေး

ရန်ကုန် ဇူလိုင် ၁၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ပြည်တွင်း ပြည်ပခရီးသွား လုပ်ငန်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ၂၀၀၅ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ကို မန္တလေးမြို့၌စည်ကားသိုက်မြိုက်စွာ ကျင်းပရေးတို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း အမှုဆောင်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

မှာကြား

အစည်းအဝေးတွင် ဝန်ကြီးက ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်ရန်၊ ၂၀၀၅ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ကို မန္တလေးမြို့တွင် ပြည်တွင်း၊ပြည်ပမှ ဧည့်သည်များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်းဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသော ပုဂ္ဂိုလ်များက လုပ်ကိုင်ဆောင်ရွက်မည့် အစီအမံ များကို ရှင်းလင်းတင်ပြကြပြီးနောက် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အုတ်ဖိုကျွန်းကုန်း မိုးကုတ်ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၀

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ကျွန်းကုန်း မိုးကုတ်ရိပ်သာကြီးတွင် ဝါဆို သင်္ကန်းကပ်လှူပွဲကိုဒုတိယဝါဆိုလဆန်း ၆ ရက်မှ ၁၂ ရက်အထိ ခုနစ်ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း မိုးကုတ် ဓမ္မကထိက သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိ ဇောတဓရ ဆရာကြီးဦးမြင့်ဆွေက ဟောကြားညွှန်ပြမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်

ရန်ကုန် ဇူလိုင် ၁၀

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူး ကျင်းပသည့် ပဉ္စမအကြိမ် အမျိုးသား အဆင့် ငှက်ဖျားရောဂါကာကွယ် နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါ နှိမ်နင်းရေး/ပြည်သူ့ကျန်းမာရေး) ဒေါက်တာစိုးအောင်၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူး များ၊ ဆေးရုံအုပ်ကြီးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ပါမောက္ခများ၊ နီးနွယ်သော ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေ ကိုယ် စားလှယ် Ms. Caroll C. Long၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ ဥက္ကဋ္ဌများနှင့် ကိုယ်စား လှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှု ရေး အဖွဲ့အစည်းများမှ ဌာနေ ကိုယ် စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါ နှိမ်နင်းရေး/ ပြည်သူ့ကျန်းမာရေး) ဒေါက်တာစိုးအောင်က အဖွင့်အမှာ စကားပြောကြားပြီး ကျန်းမာရေးဦးစီး ဌာန ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်အတွက် ကုလသမဂ္ဂကလေး များ ရန်ပုံငွေအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် PSIအဖွဲ့က စီစဉ်ပြသသော ငှက်ဖျား ရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေး ဇာတ်လမ်းတိုကို ပြသပြီး အခမ်းအနား ကို ရုပ်သိမ်းသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဧည့်သည် တော်များသည် ပဉ္စမအကြိမ် အမျိုး သားအဆင့် ငှက်ဖျားရောဂါ ကာကွယ် နှိမ်နင်းရေး လှုပ်ရှားမှု ရက်သတ္တ ပတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

မြှင့်အားကြောင့် မြင့်မားလာသော လှိုင်လင်ခရိုင်(၂)

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

"နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီး သုံးရပ်ဖြစ်သော နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသ လုပ်ငန်းစဉ်ကြီးငါးရပ် စီမံကိန်းတို့ကို စနစ်တကျ ပေါင်းစပ်ပြီး တစ်နိုင်ငံလုံး၌ ဖြန့်ကြက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း။"

"လှိုင်လင်ခရိုင် ၁၁ မြို့နယ်ကိုလည်း ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုတွင် အထူးဒေသကြီးတစ်ခုအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ဖွံ့ဖြိုးရေး အထူးဒေသကြီးများစီမံကိန်း၏ အင်္ဂါရပ်များနှင့်အညီ လမ်းပန်းဆက်သွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ပေးရေး အစီအမံများကို နိုင်ငံတော်ဘဏ္ဍာငွေကြေး မြောက်မြားစွာကျခံပြီး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။"

"ကျန်းမာရေးကဏ္ဍတွင် လှိုင်လင်ခရိုင် ၁၁ မြို့နယ်လုံးရှိ မြို့နယ် ဆေးရုံများကို (၁၆) ခုတင်ဆံ့ ဆေးရုံအဆင့်မှ (၂၅) ခုတင်ဆံ့ဆေးရုံအဆင့် သို့ တိုးမြှင့်ပေးခြင်း၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာန များကို အဆင့်တိုးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သလို လှိုင်လင်ခရိုင် ပြည်သူ့ဆေးရုံကြီးကိုလည်း ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့် မြှင့်တင်ပေးခဲ့ပြီး ဖြစ်ကြောင်း"

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်
လှိုင်လင်မြို့ နဝရတ်ခန်းမ မိန့်ခွန်း
ဆဋ္ဌမအကျော့ လှိုင်လင်ခရိုင် ခရီးစဉ် (၂၄-၅-၂၀၀၄)

(ခ)

ခုတင် (၂၀၀) အထွေထွေရောဂါကုဆေးရုံကြီး

လှိုင်လင်ခရိုင် လှိုင်လင်မြို့ကို ၁၉၀၂ ခုနှစ်၌ စတည်ခဲ့သည်ဟုဆိုလေရာ လှိုင်လင်မြို့သက် ရာပြည့်တော့မှပင် လှိုင်လင်ဆေးရုံသည် ထိုက်ထိုက်တန်တန် ခုတင်(၂၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးအဖြစ် ထီးထီးမားမား ထွန်းပြူလာနိုင်တော့၏။ ယခင်ကာလ များတုန်းကတော့ လှိုင်လင်ဆေးရုံသည် ကပ်ကျော်ဆေးရုံဖြစ်ခဲ့၏။ တကယ့် သေကောင်ပေါင်းလဲ ရောဂါကြီးများအတွက် လှိုင်လင်ဆေးရုံက အားကိုးရာ အားထားရာအဖြစ် မရပ်တည်နိုင်သဖြင့် လှိုင်လင်ဆေးရုံကို ကပ်ကျော်ကာ တောင်ကြီးမြို့ဆေးရုံကြီးသို့သာ အားကိုးခြင်း ကြီးစွာ၊ မျှော်လင့်ခြင်းကြီးစွာ အရောက်သွားခဲ့ကြရသောကြောင့် ဖြစ်၏။

သို့တိုင် လှိုင်လင်-တောင်ကြီးခရီးက မိုင် ၆၀ ခန့် ဝေးကွာနေသောကြောင့် လမ်းပေါ်မှာ၊ ယာဉ်ပေါ်မှာပင် အသက်ပျောက်ကြရသူများ၊ လမ်းကြမ်းကြမ်း ခရီးပန်းဒဏ်ကြောင့် တောင်ကြီးမြို့ဆေးရုံကြီးသို့ ရောက်ရသော်လည်း အသက် ကယ်ရန် မမီတော့သူများ စသည့်များ--များတို့ကလည်း ရင်နင့်ခြင်းမှတစ်ပါး အခြားမရှိ ဖြစ်ခဲ့ကြရပါကုန်၏။ ဤသည် လှိုင်လင်ခရိုင်သားတို့၏ ခံစားချက် စစ်စစ်များပါတည်း။

ယင်းသို့သော ခံစားချက်တွေ ကင်းပျောက်စေကာ မျှော်လင့်ချက်တွေ လင်းလက်စေလျက် မကြွေသင့်သူ မကြွေစေရေးအတွက် ကျန်းမာရေးခံတပ်ကြီး တည်ဆောက်ပေးသောအသွင် လှိုင်လင်ခရိုင်သားတို့၏ အကျိုးအလို့ငှာ လှိုင်လင်မြို့မှာ ခုတင် (၂၀၀) အထွေထွေရောဂါကုဆေးရုံကြီးကို နိုင်ငံတော် အစိုးရက တည်ဆောက်ပေးပြီး ခေတ်မီရောဂါရှာဖွေနည်းဖြင့် တစ်ကိုယ်လုံးရှိ ရောဂါစုံကို ရှာဖွေနိုင်လျက် ခေတ်မီကုသနည်းဖြင့် လျင်မြန်စွာ ကုသ ကယ်မ လာနိုင်သော ယနေ့အခြေအနေတွင် လှိုင်လင်ခရိုင်သားတို့က "ရောဂါလား.... လှိုင်လင်ဆေးရုံကြီးရှိတယ်" ဟုပင် ကြွေးကြော်နေကြပေပြီ။

(ဂ)

ဤခုတင်(၂၀၀) အထွေထွေရောဂါကုဆေးရုံသစ်ကြီး တည်ဆောက်ရန် နေရာရွေးချယ်ပေးသည်မှစ၍ တည်ဆောက်ဆဲကာလများ၌ လည်းကောင်း၊ တည်ဆောက်ပြီးနောက် အရည်အချင်းပြည့် ဆေးရုံအုပ်ကြီးနှင့် သမားတော် များ၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ ဆေးပညာရှင်များ၊ သူနာပြုများ စသည့် ကျန်းမာရေးဝန်ထမ်းများ စေလွှတ်လျက် တာဝန်ထမ်းဆောင်ရန် ပံ့ပိုးမှုကာလများ၌ လည်းကောင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သည် လှိုင်လင်ခရိုင် ခရီးစဉ်တိုင်း၌ ဆေးရုံကြီးသို့ အချိန်ပေး ဝင်ရောက်ကာ လိုအပ်ရာရာများ ဖြည့်ဆည်းပေးခဲ့သည်ချည်းဖြစ်ရာ ယခု လှိုင်လင်ခရိုင် မြှင့်အားတင်ခရီး ဆဋ္ဌမအကြိမ်၌လည်း လှိုင်လင်ဆေးရုံကြီးသို့ ဝင်ရောက်ကြည့်ရှု စစ်ဆေးအားပေး မြှင့်တင်ခဲ့ပြန်ပါသည်။

၂၄-၅-၂၀၀၄ ရက်နေ့ ညနေချမ်းအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ခုတင်(၂၀၀)အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိလာစဉ် ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်း အမှူးပြုသော အထူးကုဆရာဝန်များ၊ သမားတော်များ၊ ဆရာဝန်များက ကြိုဆိုကြပြီး တိုးတက်ဖြစ်ပေါ်မှုများကို တင်ပြကြလေ၏။ ယင်းတင်ပြချက်များထဲမှ အချက် နှစ်ချက်မှာ နိုင်ငံတော်ဝန်ကြီးချုပ်၏ နှလုံးသည်းပွတ်ကို ဆွတ်ဆွတ်ပျံ့ ကြည်နူးစေလိမ့်မည်ဟု ကောက်ချက်ပြုနိုင်မည်ဖြစ်၏။

ပထမတစ်ချက်မှာ ယခု ခုတင်(၂၀၀)အထွေထွေရောဂါကုဆေးရုံကြီး၌ သောက်သုံးရေအလျှံပယ်ရရှိနေပြီဖြစ်ကြောင်း တင်ပြချက်ဖြစ်၏။ ယခင်တုန်း ကတော့ လှိုင်လင်ဆေးရုံ၌ ဝန်ထမ်းကလည်း နည်းနည်းပါးပါး၊ ဆေးရုံ အားကိုးသူတို့ကလည်း နည်းနည်းပါးပါး၊ ရေရရှိမှုကလည်း နည်းနည်းပါးပါးသာ ဖြစ်ခဲ့ပြီး ယခု ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် ပေးလာသော အချိန်တွင်မူ အဆောက်အအုံကြီးကလဲ ကြီးကြီးမားမား၊ ဆေးရုံဝန်ထမ်းများ ကလည်း အများအပြား၊ ဆေးရုံကြီးကို အားကိုးတကြီး တက်ရောက်ကုသကြသည့် လူနာများကလည်း တိုးတိုးပွားပွား ဖြစ်လာနေတော့ရာ အဓိကအခက်အခဲအဖြစ် ကြုံတွေ့လာရသော အခက်အခဲမှာ ရေအခက်အခဲ ဖြစ်ပါလေတော့၏။

ယင်း ရေအခက်အခဲကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှိုင်လင်ခရိုင် ပဉ္စမအကျော့ခရီးစဉ် ၁-၁၀-၂၀၀၃ ရက်နေ့တုန်းက ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်းက နိုင်ငံတော်ဝန်ကြီးချုပ်ထံ တင်ပြခဲ့ရာ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နယ်စပ်/စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေကို ရေရရှိရေးဆောင်ရွက်ပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့သည်။

ယင်းလမ်းညွှန်ချက်အရ ရက်ပိုင်းအတွင်းမှာပင် ရှမ်းပြည်နယ် စည်ပင် သာယာရေးအဖွဲ့ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးဗျားနိုးကိုယ်တိုင် လှိုင်လင်မြို့သို့ ရောက်ရှိလာကာ ကွင်းဆင်းလေ့လာမှုများပြုလုပ်ပြီး ရှမ်းပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ တင်ပြသောအခါ ပထမဦးစားပေးစီမံမှုအရ ရေအရင်း အမြစ် ဦးစီးဌာနပိုင် စက်ရေတွင်းတူးယာဉ်ကြီးကို အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လှိုင်လင်မြို့သို့ ပို့ဆောင်ပေးခဲ့ပြီး မြေအောက် ရေရရှိရေးဆောင်ရွက်ပေးခဲ့သည်။ သို့သော် လှိုင်လင်မြို့တည်နေပုံ ပထဝီ အနေအထားက မြေသားပေ ၁၅၀ မှ ၂၀၀ အောက်တွင် ကျောက်သားထုများ ခံနေသည့်အပြင် ယင်းကျောက်သားထုတည်နေပုံမှာ ကလိုင်(လိုဏ်ဂူ) ပုံဖြစ်နေကာ ယင်းကလိုင်ထဲ၌ ရေမရှိခြင်းနှင့် ကလိုင်အောက် ကျောက်သားထုအရောက် ဆက်လက်တူးရန် မဖြစ်နိုင်ခြင်းတို့ကြောင့် အကြိမ်ကြိမ် နေရာရွှေ့ပြောင်း တူးသည့်တိုင်အောင် မြေအောက်ရေရရှိရေး အခြေအနေမပေးခဲ့ပါ။

ထို့ကြောင့် ဒုတိယဦးစားပေးစီမံမှုအရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ စီစဉ်မှုဖြင့် လှိုင်လင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်း ဦးဆောင်လျက် လှိုင်လင် မြို့မှ သုံးမိုင်ခွဲခန့်ဝေးကွာသည့် နောင်တောင်းရေထွက်ကန်မှ သီးခြား ရေပိုက်လိုင်း တစ်လိုင်း ဆေးရုံကြီးအရောက် သွယ်ယူရေးကို ကွင်းဆင်းတိုင်းတာ တွက်ချက် သောအခါ ပေ ၁၈၀၀၀ ခန့် ရေပိုက်သွယ်ယူရန် ကုန်ကျငွေကျပ် ၁၄၅ ဒသမ ၂ သိန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း တွေ့ရှိရသည်။

ယင်းအခြေအနေကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြသောအခါ ကုန်ကျငွေကို ခွဲဝေပေးအပ်သဖြင့် လှိုင်လင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ လုပ်ငန်းအပ်နှံခဲ့ရာ ၃၀-၃-၂၀၀၄ ရက်နေ့၌ လုပ်ငန်း စတင်ဆောင်ရွက်၍ ၂၂-၄-၂၀၀၄ ရက်နေ့တွင် လုပ်ငန်းများလုံးဝ ပြီးစီးခဲ့ကာ ၂၃-၄-၂၀၀၄ ရက်နေ့မှာ လှိုင်လင်မြို့ ခုတင်(၂၀၀)အထွေထွေ ရောဂါကု ဆေးရုံကြီးအတွက် သန့်ရှင်းသော သောက်သုံးရေ အလျှံပယ်ရရှိ ခဲ့ပါသည်။

ထိုနေ့မှစ၍ ဆေးရုံကြီးနှင့် ပတ်သက်ဆက်စပ်ကြသူအားလုံးတို့အဖို့ ရေဒုက္ခကင်းဝေးပြီး ရေကိစ္စ ရေလိုအေးကြရပါတော့၏။ ရေကိစ္စ ရေလိုအေးကြ ရသည့် တစ်လတင်းတင်းပြည့်သော ၂၄-၅-၂၀၀၄ ရက်နေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဆဋ္ဌမအကျော့အဖြစ် လှိုင်လင်မြို့ ခုတင် (၂၀၀) အထွေထွေရောဂါကုဆေးရုံကြီးသို့ ကြည့်ရှုစစ်ဆေး မြှင့်အားပေးခရီး ရောက်ရှိလာချိန်ဝယ် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ရေကိစ္စ ရေလိုအေးရပါ တော့၏။

(ဃ)

ဤခုတင်(၂၀၀)ဆေးရုံသစ်ကြီးတည်ဆောက်ရေးလုပ်ငန်းကို နောင်တုံ ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေး၏။ ၂၇-၅-၂၀၀၂ ရက်နေ့တွင် စတင် ဆောက်လုပ်ပြီး ၁၁-၂-၂၀၀၃ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုယ်တိုင် (လှိုင်လင်ခရိုင် စတုတ္ထခရီးစဉ်၌) ဖွင့်လှစ်ပေးခဲ့၏။

အထွေထွေရောဂါကု ပင်မဆောင်ကြီးနှစ်ထပ်ကို သံကူကွန်ကရစ်ကြမ်းခင်း ဧရိယာ ၂၀၆၃၀ စတုရန်းပေဖြင့် ခံ့ညားထည်ဝါစွာ တည်ဆောက်ထားပြီး ခွဲစိတ်ဆောင် သုံးထပ်ကိုလည်း သံကူကွန်ကရစ်ကြမ်းခင်း ဧရိယာ ၂၆၂၇၂ပေဖြင့် ခိုင်ခံ့ကြီးမားစွာတည်ဆောက်ထားကာ ယင်းအဆောက်အအုံနှစ်ခုကို ဆက်သွယ် ပေးသည့် စင်္ကြံလျှောက်လမ်း နှစ်ထပ်ကိုလည်း သံကူကွန်ကရစ်ကြမ်းခင်း ဧရိယာ ပေ၁၂၀၀တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထား၏။

ယခုအခါ ပိုက်ရေကို လှောင်ထားနိုင်ရန် ဂါလန် ၈၀၀၀ဆံ့ အုတ်ရေကန် တစ်လုံး မြေပြင်၌တည်ဆောက်ထားပြီး ထိုကန်မှရေကို မော်တာဖြင့် စုပ်တင်ကာ ဆေးရုံသစ်အဆောက်အအုံအတွင်းရှိ လူနာဆောင်၊ ခွဲစိတ်ဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်း စသည်တို့သို့ ရေဖြန့်ဝေပေးနိုင်ရန် အပေါ်ရေကန်တစ်လုံးကိုလည်း သံကူကွန်ကရစ်တိုင် လေးလုံး၊ အမြင့်ပေ ၃၅ ပေအထက်တွင် တည်ဆောက် ထားပြီးဖြစ်ရာ ဆေးရုံသစ်ကြီးအဆောင်တိုင်း၌ ရေဖောဖောသီသီ သုံးနိုင်ကြ ပေပြီ။

ထို့ပြင် ဆေးရုံသစ်ကြီးနှင့် မနီးမဝေးရှိ ဆေးရုံအုပ်ကြီးနေထိုင်ရာ အိမ် ဝိုင်းအတွင်း၌ သမားတော်များ၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များမိသားစု အလိုက် နေထိုင်နိုင်ရန် အလျား ၁၁၂ပေ၊ အနံ ၂၅ပေရှိ သံကူကွန်ကရစ် သုံးထပ်တိုက်နှစ်လုံးကိုလည်း တည်ဆောက်ထားပြီးဖြစ်ရာ တစ်ထပ်တစ်ထပ် ၌ မိသားစုလေးစု ကျယ်ကျယ်ပြန့်ပြန့် နေထိုင်နိုင်ရန် အလျား ၂၈ပေ၊ အနံ ၂၅ပေ၊ အခန်းလေးခန်းဖွဲ့ထားပြီး အခန်းတိုင်း၊ အထပ်တိုင်း ရေရရှိစေရန် ဂါလန် ၃၂၀၀ ဝင် ရေလှောင်ကန်တစ်ကန်နှင့် ဂါလန် ၃၂၀၀ ဝင် အထက် ရေဝေကန် တစ်ကန်ကိုပါ တည်ဆောက်ထားသဖြင့် နေရေးရော ရေအရေးပါ ရေလို အေးကြရပါကုန်၏။ ဤတည်ဆောက်မှုအားလုံးကို နိုင်ငံတော်၏ တာဝန်ပေးအပ်မှုအရ နောင်တုံကုမ္ပဏီဥက္ကဋ္ဌ ဦးစိုင်းတစ်အောင် ဦးဆောင်၍ မန်နေဂျာ ဦးကျော်ညွန့်နှင့် ဦးစိုင်းအွန်ခမ်းတို့က ကြီးကြပ်လျက် အင်ဂျင်နီယာချုပ် ဦးတင်ထွန်းနှင့် အင်ဂျင်နီယာဦးထွန်းနိုင်တို့က စေတနာအပြည့်ဖြင့် ဆောင်ရွက် ကြပါကုန်၏။

ဖော်ပြပြီးသောအတိုင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ရေကိစ္စ ရေလိုအေးရပြီဖြစ်ပါကြောင်း တင်ပြပြီးနောက် ဆက်လက်၍ ဒုတိယ တင်ပြချက်မှာ လှိုင်လင်မြို့ ခုတင်(၂၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်များ၊ ခွဲစိတ်ကု ဆရာဝန်များက လှိုင်လင်ခရိုင်အတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ခွဲစိတ်ကုသပေးမှုနှင့် အောင်မြင်မှုဆိုင်ရာ တင်ပြချက် ဖြစ်ပါသည်။

(င)

လှိုင်လင်ခရိုင်အတွင်းရှိ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား လှိုင်လင် ခုတင်(၂၀၀) ဆေးရုံကြီး၌ပင် အခမဲ့ခွဲစိတ်ကုသပေးနိုင်ရန် အလို့ငှာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တောင်ကြီးမြို့ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်ဝင်း ဝင်းနုတို့၏ ဦးဆောင်မှု၊ လှိုင်လင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယကများဖြစ်ကြသည့် လှိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီး သောင်းအေး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်နှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင်၏ဇနီးဒေါ်ထွေးထွေးလှတို့၏ အနီးကပ်ကြီးကြပ်မှု၊ အလှူရှင်များ၏ စေတနာထားရှိမှုတို့ဖြင့် ၁၈-၅-၂၀၀၄ ရက်နေ့မှ ၃၀-၅-၂၀၀၄ ရက်နေ့အထိ ဆောင်ရွက်ခဲ့သော အားနည်းသူကို ဝိုင်းကူပေးသည့် ကရုဏာလုပ်ငန်းဖြစ်၏။

မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသရေး၌ ဦးဆောင်သူများမှာ ဒေါက်တာစိုင်းခမ်းလှိုင်(ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး)နှင့် ဒေါက်တာမျိုးသန်း (ခုတင်-၂၀၀ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး)တို့ ဖြစ်ပြီး ဒေါက်တာ မောင်မောင်တင် (အထူးကုဆရာဝန်ကြီး၊ မေ့ဆေး) နှင့် ဒေါက်တာအောင်ကျော်မိုး (လက်ထောက်ဆရာဝန်၊ မေ့ဆေး)တို့က မေ့ဆေးပေး ရာ၌ တာဝန်ယူကြကာ ဒေါက်တာသီဟမောင်၊ ဒေါက်တာတင်အောင်၊ ဒေါက်တာဒေါ်ခင်ဇော်၊ ဒေါက်တာခွန်အောင်မြင့်တို့က ခွဲစိတ်မှု၌ တာဝန် ယူကြလျက် သူနာပြုဆရာမကြီးဒေါ်ဗစ်တိုးရီးယားနှင့် တာဝန်ကျသူနာပြုဆရာမ များက အထွေထွေတာဝန်ယူကြသကဲ့သို့ သမားတော်ဒေါက်တာဒေါ်ဖြူဖြူအေး က ခွဲစိတ်ခံမည့် လူနာများကို ကျန်းမာရေးစစ်ဆေးပေးမှု၊ ဓာတ်မှန်ဆရာဝန်ကြီး ဒေါက်တာသန်းဦးက လူနာများကို ဓာတ်မှန်နှင့်အာထရာဆောင်းရိုက်ပေးမှု၊ ဓာတ်ခွဲခန်းတာဝန်ခံဦးညီညီဦးက မခွဲစိတ်မီ လူနာများကို သွေးစစ်၊ ဆီးစစ် ပေးမှုတို့ဖြင့် တက်ညီလက်ညီ ပီပီပြင်ပြင် အောင်မြင်စွာဆောင်ရွက်နိုင်ကြ သည်။

ထို့ကြောင့်ပင် ခွဲစိတ်ပေးပြီးဖြစ်သော လူနာ ၁၉ ဦးလုံး နှုတ်ခမ်းကောင်း မွန်စွာ လှုပ်ရှားနိုင်ခြင်း၊ အစားအစာကောင်းစွာ စားသောက်နိုင်ခြင်း၊ စကား ပီသစွာ ပြောဆိုနိုင်ခြင်း၊ နှုတ်ခမ်းညီညာမှုရှိခြင်း၊ လူကောင်းနှင့်မခြား နှုတ်ခမ်းသား လှပလာခြင်း၊ လှပစွာပြုံးနိုင်ခြင်း ဟူသော ကောင်းကျိုးရလဒ်များသာဖြစ်ထွန်းပြီး ခွဲစိတ်စဉ် ဖိတ်စဉ်ခြင်း၊ ခွဲစိတ်ပြီးချုပ်ရိုးပြန်ကွဲထွက်ခြင်း၊ ခွဲစိတ်မှုမအောင် မြင်ခြင်း ဟူသော ဆိုးကျိုးရလဒ် တစ်စုံတစ်ရာမရှိခဲ့ပါ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယင်း တင်ပြချက် များကို ကြားသိပြီးနောက် ချက်ချင်းပင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ၊ ခွဲစိတ်ပြုပြင် ပြီးထားရှိရာ လူနာဆောင်သို့ သွားရောက်ကြည့်ရှုရင်း လူနာများ ကိုရော မိဘများကိုပါ အားပေးစကားပြောကြား၏။ အခြားသော လူနာ ဆောင်များသို့လည်း လှည့်လည်ကြည့်ရှုကာ အားပေးစကားပြောကြား၏။ ထိုမှ ဆေးရုံအုပ်ကြီးနှင့်တကွ ဆရာဝန် ဆရာမများကို အားပေးစကားပြော ကြားပြီးနောက် နှုတ်ဆက်ကာ ဆေးရုံကြီးမှ ပြန်လည်ထွက်ခွာ လာခဲ့ပါကုန်၏။

ဆေးရုံကြီးမှအပြန်ခရီးဝယ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ စိတ်အစဉ်၌ **'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး'** ဟူသော နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်အက္ခရာများ သရုပ်သကန်နှင့် စကားပြောသံတို့ကို ကြားယောင်ကာ ဝမ်းသာကြည်နူးနေမည်မှာ ကြည့်တတ်သူ မြင်နေရမည် ဖြစ်သကဲ့သို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ ရင်မှာလည်း ဤပြည်နယ်၊ ဤဒေသအတွင်း ဤသို့သော မြင့်မားခြင်းရလဒ်ကြောင့် ပီတိလှိုင်း လှုပ်ခတ်နေမည်မှာ ကြည့်တတ်သူ မြင်ရပါလိမ့်မည်။

(စ)

နိုင်ငံတော်အစိုးရ၏ မြှင့်အားကြောင့် မြင့်မားလာသော လှိုင်လင်ခရိုင်၏ ယနေ့အနေအထားသည် ဝင့်ဝင့်ကြွားကြွား စွင့်စွင့်ကားကား ပွင့်ထွားလျက် ရှိနေပါတော့သတည်း။ ။

စာမျက်နှာ ၆ မှ

ယခုကဲ့သို့ နိုင်ငံတော်အား ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုး တိုးတက်အောင် လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကိုဖန်တီးတည်ဆောက်ပေးနေသည့်အပြင် တစ်ဖက်ကလည်း မိမိနိုင်ငံ၊ မိမိလူမျိုးများနှင့် ဆီလျော်ကိုက်ညီမည့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ် အဆင့်(၇)ဆင့်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

ယင်းလုပ်ငန်းအစီအစဉ်အဆင့်ဆင့်တို့သည် နိုင်ငံတော်၏ ဖြစ်ပေါ်နေသည့် ပကတိ နိုင်ငံရေးအခြေအနေများနှင့် ညီညွတ်မျှတစွာ ဆက်စပ်ထားသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ ကိုယ်ပိုင် လမ်းကြောင်းမှန်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စီးပွားရေးလုပ်ငန်းများကို အားထည့်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ရှိရှိဖြင့် သယ်ဆောင်သွားကြရမှာ ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာလည်း နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းစဉ်အဆင့်ဆင့် အစီအမံများကိုလည်း ဟန်ချက်ညီညီ ဝိုင်းဝန်းအကောင်အထည်ဖော် သွားကြရမှာ ဖြစ်ကြောင်း။

တွန်းလှန်ဖယ်ရှား

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်နေမှုနှင့် ပုံမှန်ပြောင်းလဲဖြစ်ပေါ်တိုးတက်ရမည့် နိုင်ငံတော်၏ နိုင်ငံရေးအခြေအနေများကို ပုံမှန်မဖြစ်ရန်၊ လမ်းကြောင်းလွဲချော်စေရန်၊ အရှိန်ရနေသည့် တိုးတက်နေမှုများကို ရပ်ဆိုင်းသွားစေရန်၊ ပြည်တွင်းပြည်ပဖိအားပေး အကျပ်ကိုင်မှုများပြုလုပ်လျက်ရှိသည့် ယနေ့ကဲ့သို့ အချိန်ကာလတွင် မိမိတို့အားလုံးသည် ညီညီညွတ်ညွတ်ဖြင့် လမ်းကြောင်းမှန်အတိုင်း မယိမ်းမယိုင်လျှောက်လှမ်းကြရန်၊ ဖိဖိစီးစီး အလုပ်လုပ်ကြရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အနာဂတ်ကံကြမ္မာကို ဖျက်လိုဖျက်ဆီးပြုလုပ်နေမှုများကို သတိရှိရှိ တွန်းလှန်ဖယ်ရှားသွားကြရန် အထူးအရေးကြီးသည်ကို မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်က တည်ဆောက်ပေးထားသည့်ကျောက်ထုလေယာဉ်ကွင်းကို ရေရှည်တည်တံ့စေရန် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ အားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် ကျောက်ထုမြို့နယ်မှ ဒေသခံပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောက်ထုလေယာဉ်ကွင်းကိုတည်ဆောက်ခဲ့သော ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ စီမံကိန်းတာဝန်ခံ ဗိုလ်မှူးအောင်ခိုင်အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများသည် ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် လေဆိပ်မုခ်ဦးထိပ်၌ နေရာယူကြသည်။

ယင်းနောက် ကျောက်ထုလေဆိပ်မုခ်ဦးကို စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ကျောက်ထုလေဆိပ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောက်ထုလေဆိပ်ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် လေဆိပ်ဖွင့်ပွဲမုခ်ဦးထိပ်၌ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့်ကျောက်ထုလေဆိပ်၏ လေယာဉ်ပြေးလမ်းအမျိုးအစားမှာ ကွန်ကရစ်အမျိုးအစားဖြစ်ပြီး ပြေးလမ်းထုမှာ ၂၆ လက်မဖြစ်သည်။ ပြေးလမ်းခံနိုင်ရည်အားမှာ ပေါင် ၈၇၃၀၀၀ နှင့် လေယာဉ်ရပ်နားရန်နေရာမှာ အကျယ်ပေ ၃၀၀ X ၃၀၀ ဖြစ်သည်။ယနေ့တွင် လေယာဉ်ပြေးလမ်းအရှည်ပေ ၆၅၀၀ နှင့် ပြေးလမ်းအကျယ်ပေ ၁၀၀ ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး ဖော်ကာအက်ဖ်(၂၇)လေယာဉ်နှင့် ဖော်ကာအက်ဖ်(၂၈)ဂျက်လေယာဉ်များ ဆင်းသက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၁ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား

၁၁-၇-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	တံငါတံတား
၈း၃၀	၈။	International News
၈း၄၅	၉။	Say it in English

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၈)
၁၂း၁၅	၅။	မူးယစ်ကင်းစင်အောင်ပွဲဆင် (အပိုင်း-၃)
၁၂း၂၅	၆။	မြန်မာရုပ်ရှင် **"အချစ်အိမ်ကလေး"** (လွင်မိုး၊နန္ဒာလှိုင်) (ဒါရိုက်တာ-ကြီးမြင့်)
၁၄း၄၅	၇။	International News
၁၅း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use.
၁၆း၄၅	၄။	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၃၀	၇။	တေးဂီတအစီအစဉ်
၁၇း၄၀	၈။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇း၅၀	၉။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၃၀	၁၀။	ညနေခင်းသတင်း
၁၉း၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၂၈)
၁၉း၃၅	၁၃။	တေးဂီတအစီအစဉ်
၁၉း၄၅	၁၄။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသော အချစ်"** (အပိုင်း-၆)

သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အဖွဲ့ဝင်များ မင်းဓမ္မကုန်းတော်ရှိ နတ်လူချမ်းသာဆုတောင်းပြည့် ဓာတ်ပေါင်းစေတီတော် အထက်ဌာပနာတော်သွင်း ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားတွင် ရွှေထီးတော်အဆင့်ဆင့်ကို တင်လှူပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

နတ်လူချမ်းသာဆုတောင်းပြည့်ဓာတ်ပေါင်းစေတီတော် အထက်ဌာပနာတော်သွင်းရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်(မြောက်ပိုင်း)ခရိုင် အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သည့် နတ်လူချမ်းသာဆုတောင်းပြည့်ဓာတ်ပေါင်းစေတီတော် အထက်ဌာပနာတော်သွင်း ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၆နာရီခွဲတွင် အဆိုပါစေတီတော်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တက်ရောက်၍ ရွှေထီးတော်အစုံကို အမွှေးနံ့သာရည်များပက်ဖျန်းပေးပြီး အထက်ဌာပနာတော်သွင်းကာ ရွှေထီးတော်တင်လှူပူဇော်သည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရေနံချောင်းဆရာတော် ဘဒ္ဒန္တတေဇနိယထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားနှင့် အထက်ဌာပနာပစ္စည်းများ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ရေနှင့် ပရိတ်ပန်းတို့ကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြကာ ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူဒါနအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ရွှေထီးတော်အစုံနှင့် ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ရေနှင့် ပရိတ်ပန်းတို့ကို နတ်လူချမ်းသာ ဆုတောင်းပြည့်ဓာတ်ပေါင်းစေတီအနီးရှိ မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

လှည့်လည်ပူဇော်

ထို့နောက် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ဌာပနာတော်ပစ္စည်းများကို စေတီတော်သုံးပတ် လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ရွှေထီးတော်အစုံကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က ဘိသိက်သွန်းလောင်းပေးသည်။

တင်လှူပူဇော်

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များသည် အထက်ဌာပနာတော်သွန်းခြင်း၊ ပန်းလည်တိုင်စိုက်ထူခြင်း၊ စေတီတော်အား ရွှေထီးတော်တင်လှူပူဇော်ခြင်း၊ အရန်စေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် ဆရာတော်များက ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်ကြသည်။

ရွှေမိုးငွေမိုး

ယင်းနောက် ရွှေထီးတော်တင်အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုး၊ ငွေမိုးရွာသွန်းဖြိုး၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈နာရီတွင် နတ်တလင်းမြို့နယ် ရသေ့တောင်စခန်း ဘော်ဘင်ကြိုးဝိုင်းနှင့်ကပ်လျက် ကြိုးပြင်အပတောင်း ငါးကေ၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပွဲသို့ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နတ်တလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တောင်ညိုမြို့သစ်၊ ဆီဆုံကုန်းကျေးရွာ၊ ဖလံပင်ကျေးရွာ၊ ကျောက်ခွက်ကျေးရွာတို့မှ ကျေးရွာပြည်သူ ၅၃၀တို့သည် သာယာဝတီခရိုင်သစ်တောဦးစီးဌာန ခရိုင်မှူး ဦးကျော်ကျော်၊ နတ်တလင်းမြို့နယ်ဦးစီးအရာရှိ ဦးတင့်လွင်၊ သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ကုက္ကိုု၊မဲဇလီစသည့် အပင်ပေါင်း ၆၁၂၃ပင် စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းတွင်းနှင့် ဧရာဝတီ မြစ်ရေသတိပေးချက်

ရန်ကုန် ဇူလိုင် ၁၀

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၂၇၇၈ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၂၈၀၀သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၁၀၈၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၁၂၀၀သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(မြန်မာ့အလင်း)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၉-၇-၂၀၀၄

မောင်တောမြို့	**၃ ဒသမ ၅၀လက်မ**
အမ်းမြို့	**၃ ဒသမ ၀၇လက်မ**
သံတွဲမြို့	**၂ ဒသမ ၉၉လက်မ**
ကျောက်ဖြူမြို့	**၂ ဒသမ ၈၄လက်မ**
ကျောက်တော်မြို့	**၂ ဒသမ ၄၄လက်မ**
စစ်တွေမြို့နှင့်ခန္တီးမြို့	**၂ ဒသမ ၃၂လက်မ**
အောင်လံမြို့	**၂ ဒသမ ၀၅လက်မ**
ဖျာပုံမြို့	**၁ ဒသမ ၇၇လက်မ**
ဇလွန်မြို့	**၁ ဒသမ ၆၉လက်မ**

မြန်မာ - ကိုရီးယားနှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၀

မြန်မာ-ကိုရီးယားနှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များ ဆွေးနွေးပွဲကို ဇူလိုင်၉ရက်နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Kyung Woo၊ စီးပွားရေးသံမှူး Mr. Choi Yoon-Tae နှင့် ကိုရီးယားစီးပွားရေး လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကုမ္ပဏီ ၂၅ ခုမှ စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကိုရီးယားစီးပွားရေး လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံကုမ္ပဏီ ၂၅ ခုမှ စီးပွားရေး လုပ်ငန်းရှင်များသည် ကိုရီးယားသမ္မတနိုင်ငံ Pentaone Co.,Ltd. မှ ထုတ်လုပ်သည့် လုံခြုံရေးလုပ်ငန်းသုံး ကင်မရာအမျိုးမျိုးနှင့်ပတ်သက်သော ပစ္စည်းများ၊ HIA Co.,Ltd. မှ ထုတ်လုပ်သည့် အိမ်သုံးပလတ်စတစ် ပစ္စည်းများ၊ လမ်းအချက်ပြနှင့်လမ်းလုံခြုံရေးသုံး ပစ္စည်းများ၊ Korea Puritech Co.,Ltd. မှထုတ်လုပ်သည့် CCTV ကင်မရာနှင့် ကင်မရာမျိုးစုံ၊ ရေသန့်စက်များ၊ Chementech Inc မှ ထုတ်လုပ်သည့် လျှပ်စစ်ထရန်စဖော်မာ၊ Switch Board များတွင် အသုံးပြုရသော Shrinkable Tube များ၊ Korea Ginseng မှ ထုတ်လုပ်သည့် ဂျင်ဆင်းဖြင့်ပြုလုပ်သော လက်ဖက်ခြောက်အမျိုးမျိုး၊ ပျားရည်အမျိုးမျိုးနှင့် ဆေးဝါးပစ္စည်းများအကြောင်းကို ဆွေးနွေးကြပြီး အဆိုပါပစ္စည်းများကို မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း ရန်ကုန်မြို့ ကမ်းနားလမ်းရှိ နန်းသီတာဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော အကောက်ခွန် ဦးစီးဌာနပိုင် သီဟရာဇာ(၁) ရေယာဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ (ဘဏ္ဍာ/အခွန်)

အကောက်ခွန်ဦးစီးဌာနပိုင် သီဟရာဇာ(၁)နှင့်(၂)ရေယာဉ်များ ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဇူလိုင်၉ရက်ညနေပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ နန်းသီတာဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော အကောက်ခွန်ဦးစီးဌာနပိုင် သီဟရာဇာ(၁) ရေယာဉ်အား သွားရောက်ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ရေယာဉ်နှင့်ပတ်သက်သည့်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် သီဟရာဇာ(၁)ရေယာဉ်ဖြင့် ရန်ကုန်မြစ်တစ်ဖက်ကမ်း၌ ဆိုက်ကပ်ထားသော သီဟရာဇာ(၂) ရေယာဉ်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ရေယာဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်ရန် လိုအပ်ချက်များ မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်ရှိ မြန်မာ့ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်သို့ သွားရောက် စစ်ဆေးရာ မြန်မာ့ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် အမှုဆောင် ဒါရိုက်တာ ဦးကျော်စိန်တို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

UNCRC and Juvenile Judge, Netherlands, Chairman, Mr.Jaap Doek ရောက်ရှိ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ကြိုဆို

ရန်ကုန် ဇူလိုင် ၁၀

"National Workshop on Juvenile Justice and Child Protection " အစည်းအဝေးသို့ တက်ရောက်ရန် Mr.Jaap Doek, Chairman (UNCRC and Juvenile Judge, Netherlands) သည် ဇူလိုင်၉ရက် နံနက်ပိုင်းတွင် လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းမြ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဘိုးသန်း၊ ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှရဲမှူးကြီးစစ်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ဌာနေကိုယ်စားလှယ် "Ms.Carroll C.Long နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ထာဝရဒါန အရိပ်အလှူ ပန်းအလှူပွဲတော်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့် ရွှေတိဂုံစေတီတော်သိဂ်ုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင် အရိပ်ရပင်နှင့်ပန်းအလှပင်များ စိုက်ပျိုးနိုင်ရန်အတွက် ထာဝရဒါန အရိပ်အလှူ ပန်းအလှူပွဲတော်ကြီးကို ဇူလိုင်၉ရက် နံနက် ၆နာရီမှ ညနေ၆ နာရီအထိ ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ် သွေးဆေးကန်အနီးရှိ အလှူခံဌာန၌ ကျင်းပသည်။

ဝယ်ယူလှူဒါန်း

ထိုသို့ကျင်းပရာတွင် စေတနာရှင် အလှူရှင်များက ဆီအုန်း၊ ကြိမ်ထန်း၊ အုန်းငှက်ပျောစသည့် အရိပ်ရပင်များ၊ ဗုဒ္ဓသရဏ၊ ရွက်လှ၊ ပိန်း၊ ရွှေဝါ၊ ကြက်တူရွေး၊ ခေါင်ရန်း၊ ပုဏ္ဏရိက်ကြီး၊ စံပယ်၊ ဒန့်ဒကူး၊ နဂါးစက်ဂမုန်း၊ ဝါးမြက်၊ပိတ်စွယ်စသည့် ပန်းအလှပင်များကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဝယ်ယူလှူဒါန်းကြသည်။

အလားတူ နံနက်၁၀နာရီခွဲတွင် ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ရန်အောင်က ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ စံပယ်၊ ကိုရုံလေး၊ ရွက်လှနှင့် ဆီအုန်းပင်များ၊ ဒါရိုက်တာ အကယ်ဒမီ ငြိမ်းမင်း-ဒေါ်နန်းခင်အေး မိသားစုက ငွေကျပ် ၅၅၀၀၀ တန်ဖိုးရှိ စံပယ်နှင့် ဆီအုန်းပင်များကို လာရောက် လှူဒါန်းကြရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် စေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံကြသည်။

လှူဒါန်းနိုင်

အဆိုပါ လှူဒါန်းပွဲကို ဩဂုတ် ၃၁ ရက်အထိ အလှူခံဌာန ဖွင့်လှစ်ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံ

ရွှေတိဂုံစေတီတော် ထာဝရဒါန အရိပ်အလှူ၊ ပန်းအလှူပွဲတော်တွင် ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီရန်အောင်က ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ သစ်ပင်၊ ပန်းပင်များလှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံယူစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက်က မင်္ဂလာဒုံမြို့နယ် အထက(၁) မြဧရာခန်းမ၌ ကျင်းပရာ ပြည်ထဲဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီက ဖတ်ကြားစဉ်။ (က-ပ)

ပဌာနမနုဝင် အလှူတော်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား နဝဂုဏဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များအသင်း၏ (၂၂)နှစ်မြောက်ဝါတွင်း အဓိဋ္ဌာန်ဖွင့်ပွဲ ပဌာနမနုဝင်အလှူတော်ကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့) ဇူလိုင် ၃၁ ရက်တွင် ကိုးထပ်ကြီးဘုရားကြီး၌ ကျင်းပမည်ဖြစ်သည်။

ပဌာနမနုဝင်အလှူတော်တွင် သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ စတုဒိသာဆွမ်းကျွေးမွေးခြင်း၊ လယ်တီမဟာသရဏဂုံတော်ကြီး ဓမ္မပူဇာ ကျင်းပခြင်းနှင့် အဓိဋ္ဌာန်ပြက္ခဒိန်ဓမ္မဒါနဖြန့်ဝေမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

☆ *ကျောဖုံးမှ*

မြန်မာအလဲထိုး

မြန်မာမှ နိုင်းဝမ်းလေးနှင့် ဂျပန်လက်ဝှေ့သမားတို့သည် တာလွှတ်သည်နှင့် လျင်လျင်မြန်မြန် ထိုးသတ်ကစားကြရာ ပရိသတ်များ အကြိုက်တွေ့သည့် ပွဲကောင်းဖြစ်ခဲ့သည်။ နိုင်းဝမ်းလေးက ဘယ်ညာလက်သီးတွဲများဖြင့် အဆက်မပြတ်ထိုးရာ ဂျပန်လက်ဝှေ့သမား မကာကွယ်နိုင်ဘဲ မျက်နှာတည့်တည့် ထိုးမိကာ ဟန်ချက်ပျက်ပြီး တန်ပြန်မထိုးနိုင်ဘဲ ဖြစ်နေသည်။

ဂျပန်လက်ဝှေ့သမားသည် နပန်းသတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်သူဖြစ်၍ လူချင်းပူးမိသည့်အခါ ကိုင်ပေါက်ရန်ကြိုးစားရာ နိုင်းဝမ်းလေး ကြမ်းပြင်သို့ နှစ်ကြိမ်လဲကျပြီး ဂျပန်ကစားသမားက အပေါ်စီးမှဖိထားရာ ဒိုင်လူကြီးက ပြိုင်ပွဲစည်းကမ်းအရ ပွဲကိုရပ်ပြီး ပြန်လည်ထိုးသတ်စေခဲ့သည်။ နိုင်းဝမ်းလေးသည် ဂျပန်လက်ဝှေ့သမား၏ အားနည်းချက်ကို ရိပ်စားမိပြီး မျက်နှာဆီသို့ လက်သီးများ အဆက်မပြတ် ပစ်သွင်းရာ ဂျပန်လက်ဝှေ့သမား မခံနိုင်တော့ဘဲ ကြမ်းပြင်သို့လဲကျသွားသည်။ ကြိုးဝိုင်းဒိုင်လူကြီးက အမှတ်စဉ်ရေတွက်ရာ အမှတ်စဉ်(၁၀)ရောက်သည်အထိ မထနိုင်ခဲ့ချေ။

မြန်မာ့လက်ဝှေ့ကျော် နိုင်းဝမ်းလေး (မြို့တော်စည်ပင်)က ဂျပန်မှ TakaharuYamamoto ကို ပထမအချီ ၂ မိနစ် စက္ကန့် ၄၀ ၌ အလဲထိုးပြီး အနိုင်ရရှိသွားသည်။

ဂျပန်အနိုင်ရ

ဆက်လက်၍ ဝယ်လ်တာဝိတ်တန်းမှ အေးဗိုလ်စိန် (မြန်မာ) နှင့် ဂျပန်မှ Akitoshi Tamura တို့ ယှဉ်ပြိုင် ကစားရာ ဂျပန်လက်ဝှေ့သမားက အနိုင်ရရှိသွားသည်။ အေးဗိုလ်စိန်က လက်ရည်သာပြီး အပေါ်စီးမှ ထိုးသတ်နိုင်သော်လည်း ဂျပန်လက်ဝှေ့သမားက မြန်မာ့ရိုးရာလက်ဝှေ့ ကြိုတင်လေ့လာကာ နည်းစနစ်ပိုင်း ကြေညက်မှုရှိသောကြောင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

အေးဗိုလ်စိန်က ဂျပန်လက်ဝှေ့သမားကိုလိုက်ထိုးသော်လည်း ဂျပန်လက်ဝှေ့သမားက ကြိုးဝိုင်း ပတ်ရှောင်ပြီး လူချင်းပူးမိလျှင် နပန်းပညာဖြင့် ကိုင်ပေါက်ရာ အေးဗိုလ်စိန် ကြမ်းပြင်ပေါ် အကြိမ်ကြိမ် လဲကျခဲ့သည်။ အေးဗိုလ်စိန်က ဂျပန်လက်ဝှေ့သမား၏ ကျောကုန်းကို တံတောင်ဖြင့် ထောင်းသော်လည်း အရာမထင်ခဲ့ချေ။ အေးဗိုလ်စိန်နှင့် ဂျပန်လက်ဝှေ့သမားတို့ တစ်ဦးနှင့်တစ်ဦး ထိထိမိမိ မထိုးနိုင်ကြဘဲ စတုတ္ထအချီအထိ ရောက်လာခဲ့သည်။

စတုတ္ထအချီတွင် အေးဗိုလ်စိန်က အတင်းဝင်၊ အတင်းထိုး၍ ဖွင့်တိုက်ရာ ပွဲကောင်းလာခဲ့သည်။ အေးဗိုလ်စိန်က ဂျပန်လက်ဝှေ့သမား ဝင်ပူးလာစဉ် ဒူးနှင့်တိုက်ရန် နောက်ကျနေ၍ ဆွဲလဲခြင်းခံနေရသည်။ အေးဗိုလ်စိန် ထိုးသော လက်သီးများ ဂျပန်လက်ဝှေ့သမားမျက်နှာကို မိမိရရမထိသဖြင့် ဂျပန်လက်ဝှေ့သမား ခံနိုင်ရည်မကျဘဲ သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သည်။ အေးဗိုလ်စိန်နှင့် ဂျပန်လက်ဝှေ့သမားတို့ ပူးကပ်မိသည့်နှင့် တစ်ကြိမ်တွင် ဂျပန်လက်ဝှေ့သမားက အေးဗိုလ်စိန်ကို ဒူးဖြင့်တိုက်လိုက်ရာ ချက်ကောင်းထိသွားပြီး လဲကျသွားသည်။ စည်းဝိုင်းဒိုင်လူကြီးက အမှတ်စဉ်ရေတွက်ရာ အမှတ်စဉ်(၁၀) ပြည့်သည်အထိ အေးဗိုလ်စိန် မထနိုင်ခဲ့ပေ။

ဂျပန်မှ Akitoshi Tamura က မြန်မာမှ အေးဗိုလ်စိန်ကို စတုတ္ထအချီ ၂ မိနစ် ၅၀ စက္ကန့်တွင် အလဲထိုးပြီး အနိုင်ရရှိသွားသည်။

သုံးချီပွဲ

မြန်မာ့လက်ဝှေ့ကျော်များနှင့် ဂျပန်လက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်ခြင်း မစတင်မီ သုံးချီကြားပွဲများကို ကျင်းပရာ ပတ္တမြားငယ်ငယ် (တောင်ကလေး)နှင့် စိုးရာဇာဟိန်း (အမှတ်–၁၊ ဘိလပ်မြေစက်ရုံ) တို့ သရေပွဲဖြစ်သွားသည်။ မိုးကျော်အောင် (တောင်ကလေး) နှင့် လှိုင်မျိုးဟိန်း (မဲပေါင်)တို့ သရေပွဲဖြစ်သွားသည်။

ငါးချီစိန်ခေါ်ပွဲ

ငါးချီစိန်ခေါ်ပွဲများကို ကျင်းပရာ ရွှေလင်းယုန်(တွံတေး)နှင့် သိုးရိုင်း (ပွဲကျောင်း)တို့ပွဲတွင် ရွှေလင်းယုန် (တွံတေး)က လေးချီ၌ အလဲထိုးအနိုင်ရရှိသွားသည်။ ဟိန်းညီညီ (အလင်းရောင်)နှင့် မင်းနဂါး (ပွဲကျောင်း)တို့ပွဲတွင် မင်းနဂါး (ပွဲကျောင်း) မျက်ခုံးကွဲသွား၍ ကြိုးဝိုင်း ဆရာဝန်က ဆက်ထိုးရန် ခွင့်မပြုသဖြင့် ဟိန်းညီညီ (အလင်းရောင်) အနိုင် ရရှိသွားသည်။

ထစ်ချုံး (KLN) နှင့် မိုးခိုက် (ပွဲကျောင်း)တို့ပွဲတွင် တတိယအချီ၌ ထစ်ချုံး (KLN) က အလဲထိုးအနိုင်ရရှိသည်။ ဝမ်ရှိ (KLN) နှင့် သိုးကောင်း(ပွဲကျောင်း)တို့ပွဲတွင် ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်သွားသည်။ မဲလေး(တောင်ကလေး)နှင့် သားစစ်နိုင်(ပွဲကျောင်း) ပွဲတွင် အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်သွားသည်။ ရန်ကြီးအောင်(အလင်းရောင်)နှင့် ဒေါနအောင်(တောင်ကလေး)တို့ပွဲတွင် အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်သွားသည်။

ထိုင်းနိုင်ငံ မဲဆောက်မြို့အကောင်းဆုံးလက်ဝှေ့သမားဆုရ ကြယ်လင်းအောင်(တောင်ကလေး)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရ တက်သစ်စကြယ်(တနင်္သာရီ)တို့ပွဲတွင် ကြယ်လင်းအောင်(တောင်ကလေး)က ပဉ္စမအချီ၌ အလဲထိုးအနိုင်ရသည်။ နယ်စပ်လက်ဝှေ့ကျော် မိုက်ခဲ(တောင်ကလေး)နှင့် ပြည်နယ်နှင့်တိုင်း အကောင်းဆုံးဆုရ ကိုရီးယားပြန် ဒေါဂျစ်လေး(လယ်ယာ/ဆည်မြောင်း)တို့ပွဲတွင် မိုက်ခဲ(တောင်ကလေး) လက်ရည်သာသော်လည်း အလဲမထိုးနိုင်သဖြင့် ပဉ္စမအချီအထိ ခရီးပေါက်ကာ သရေပွဲဖြစ်သွားသည်။

ယနေ့ပွဲ

ဇူလိုင် ၁၁ ရက်(ယနေ့) မွန်းလွဲ ၂ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ မြန်မာ–ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဒုတိယပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ သုံးချီ ကြားပွဲ၊ ငါးချီစိန်ခေါ်ပွဲများနှင့်အတူ ဖယ်သာဝိတ်တန်း၌ ဝင်းထွန်း (မြန်မာ) နှင့် Seiji Wakasugi (ဂျပန်)၊ မစ်ဒယ်ဝိတ်တန်း၌ ရွှေဆိုင်း (မြန်မာ) နှင့် Yoshitaro Niimi (ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဝယ်လ်တာဝိတ်တန်းပြိုင်ပွဲတွင် အကီတိုရှီတာမူရာ၏ ညာခြေကန်ချက်ကို အေးဗိုလ်စိန်က ဘယ်လက်ဖြင့် ဟန့်တား၍ ဘယ်ခြေဖြင့် တုံ့ပြန်စဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်းခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်းခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက Sedona Hotel(Yangon)Grand Ballroom၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဥက္ကဋ္ဌဟောင်းများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ အမှုဆောင်အဖွဲ့ဝင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇာ(မန်နေဂျင်းဒါရိုက်တာ၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြသန်းထိုက် (လက်ထောက်ညွှန်ကြားရေးမှူး၊အား/ကာ)က မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၏ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာပြေးခုန်ပစ် အားကစားမောင်မယ်များ၏ လေ့ကျင့်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ နည်းစနစ်နှင့် လေ့ကျင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်ခင်က ရှင်းလင်းပြောကြားသည်။ထို့နောက် ပြည်တွင်း၌ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများ ကျင်းပသွားမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစံထွန်းက ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက် ရောက်လာကြသည့် စာနယ်ဇင်းမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကိုမေးမြန်းရာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တွင် အမှုဆောင်များအဖြစ် ဥက္ကဋ္ဌ ဦးတေဇာ (မန်နေဂျင်းဒါရိုက်တာ၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်)၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးသိန်းအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊အား/ကာ)၊ ဦးမင်းသိန်း (ထူးထရေးဒင်းကုမ္ပဏီလီမိတက်)နှင့် ဦးဇော်မင်း(ထူးထရေးဒင်းကုမ္ပဏီလီမိတက်)၊ အဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း (ကာကွယ်ရေးဝန်ကြီးဌာန)၊ ဦးစံထွန်း (ရှိုင်းဆောက်လုပ်ရေး)၊ ဦးကျော်ခင် (အငြိမ်းစား၊အား/ကာ)၊ ဦးဉာဏ်ထွန်း (ညွှန်ကြားရေးမှူး၊ အား/ကာ)၊ ဦးလင်းထွန်းမြင့်(ဌာနမှူး၊ သန့်ရှင်းရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်)၊ဦးသာအောင် (လောင်ဖျစ် ကျောက်မျက်ရတနာကုမ္ပဏီ)၊ ဦးခင်မောင်သန်း (ပုဂ္ဂလိကလုပ်ငန်းရှင်)၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းမြင့် (ဦးစီးအရာရှိ၊ အား/ကာ)၊ အထွေထွေအတွင်းရေးမှူး ဦးမြသန်းထိုက် (လက်ထောက်ညွှန်ကြားရေးမှူး၊အား/ကာ) တို့ ပါဝင်ကြသည်။

အသစ်ထပ်မံဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တွင် နည်းစနစ်နှင့် လေ့ကျင့်ရေးဆပ်ကော် မတီ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီနှင့် စာရင်းအဖွဲ့တို့ ပါဝင်ကြသည်။ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့သည် ၂၀၀၅ ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အားကစားသမားများ ရွှေတံဆိပ် ဆွတ်ခူးပါကငွေကျပ်သိန်း ၅၀ ချီးမြှင့်မည်ဖြစ်ပြီး ငွေတံဆိပ်နှင့် ကြေးတံဆိပ်ရရှိသူများကိုလည်း ထိုက်တန်စွာ ဆုချီးမြှင့်သွားရန် အစီအစဉ်ရှိကြောင်းသိရသည်။

(မြန်မာ့အလင်း)

ဂရီအသင်းနည်းပြရီဟာဂျယ် ၂၀၀၆ကမ္ဘာ့ဖလားအထိချန်ပီယံများနှင့်အတူရှိမည်

အေသင် ဇူလိုင် ၈

ဂရီအသင်းနည်းပြ အော့တိုရီဟာဂျယ်သည် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား နောက်ဆုံးပွဲစဉ်များအထိ ဥရောပချန်ပီယံအသစ်များနှင့်အတူ ဆက်လက် ရှိနေမည်ဖြစ်ကြောင်း ဂရီဘောလုံးအသင်းက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

မစ္စတာရီဟာဂျယ်သည် လာမည့်နှစ်နှစ်အထိ ဂရီဘောလုံးအသင်းနှင့်အတူ ဆက်လက်နေသွားမည်ဟု ဟန်လင်းနစ်ဘောလုံးအသင်းဥက္ကဋ္ဌ ဗက်ဆဲလစ်ဂါဂက်ဆစ်က ပြောကြားသည်။

ဂျာမန်လူမျိုး ရီဟာဂျယ်သည် ဘုရင်အော်တိုဟု လူသိများအောင် ကြိုးပမ်းခဲ့ခြင်းကြောင့် ယူရို၂၀၀၄တွင် ဂရီအား ချန်ပီယံရအောင် ညွှန်ကြားခဲ့ပြီးနောက် ဂျာမနီနည်းပြအဖြစ် အောင်မြင်မှုရရန် ကမ်းလှမ်းခံရသူဖြစ်သည်။

ဂရီအသင်းသည် ယူရိုချန်ပီယံဆုကို မမျှော်လင့်နိုင်သောအခြေအနေများဖြင့် စတင်ခဲ့သည်။ လစ္စဘွန်းမြို့တွင် ပေါ်တူဂီအသင်းကို ဗိုလ်လုပွဲ၌ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောဂရီအသင်းသည် ဘောလုံးလောကကို မှင်သက်မှုများဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံ၏အကြီးမားဆုံးသော အားကစား အောင်မြင်မှုပင် ဖြစ်သည်။

ဂျာမနီအနေဖြင့် ဂရီနည်းပြအား ယုတ္တိဗေဒကျစွာလိုလားမည်ဖြစ်သည်။ ယူရို ၂၀၀၈အထိ ဂရီ၌ဆက်လက်နေသွားမည်လားဟု မိမိက ရီဟာဂျယ်အား မေးမြန်းခဲ့သည်ကို ၎င်းက ဘီးတပ်ကုလားထိုင်တစ်ခုတွင် အဆုံးသတ်ရန် ဆန္ဒမရှိပါဟု ဆိုလိုက်သည်။ အသက် ၆၅နှစ်အရွယ်ရှိ ရီဟာဂျယ်သည် ယူရို၂၀၀၄မတိုင်မီ နှစ်ပတ်ကပင် ၎င်း၏နှစ်နှစ်ကြာ ကန်ထရိုက်စာချုပ်ကို [illegible] **(ရိုက်တာ)**

ကမ္ဘာ့တစ်လွှားအားကစား

မစ်ဒယ်ဘရော့အသင်း ချယ်လ်ဆီးတိုက်စစ်မှူးကိုစာချုပ်

ဟားဝပ်(အင်္ဂလန်) ဇူလိုင် ၁၀

ပရီမီယာလိဂ်အသင်း တစ်သင်းဖြစ်သော မစ်ဒယ်ဘရော့အသင်းက ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဂျင်မီဖလွိုက်ဟက်ဆယ်ဘိန့်အား စာချုပ်ဖြင့် သောကြာနေ့က ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ယင်းကလပ်က ထုတ်ဖော်ပြောကြားသည်။

အသက် ၃၂နှစ်အရွယ်ရှိ ဒတ်ချ်တိုက်စစ်မှူးသည် ပြောင်းရွှေ့စရိတ်မပါဘဲ ၎င်း၏ ချယ်လ်ဆီးကန်ထရိုက်စာချုပ်နောက်ဆုံးနှစ်မှ ထွက်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် လေးနှစ်စာချုပ်ဖြင့် ပြီးဆုံးချိန်အထိ ပွဲပေါင်း ၁၇၇ ပွဲတွင် ဂိုး ၈၇ ဂိုး သွင်းပေးနိုင်ခဲ့သူဖြစ်သည်။ **(ရိုက်တာ)**

အာဂျင်တီးနားတိုက်စစ်မှူး ဆာဗီယိုလာ အီကွေဒေါနှင့် ပွဲစဉ်တွင် ဟက်ထရစ်ရရှိ

ချီကလာယို(ပီရူး) ဇူလိုင် ၉

တောင်အမေရိက တိုက် ကိုပါဖလားအုပ်စု (ခ)ပွဲစဉ်ကို ဗုဒ္ဓဟူးနေ့က ပီရူး၌ကျင်းပရာ အာဂျင်တီးနားအသင်းကအီကွေဒေါအသင်းကိုခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းဘောလုံးပြိုင်ပွဲတွင် အာဂျင်တီးနား တိုက်စစ်မှူး ဂျာဗီယာ ဆာဗီယိုလာက ပွဲစပြီး ၁၅မိနစ်တွင် သူ၏ ပထမဆုံးသော ဟက်ထရစ်ဂိုးကို စတင်သွင်းယူသည်။ ၎င်းသည်အာဂျင်တီးနားအသင်းအတွက် ၆၄ မိနစ်နှင့် ၇၉မိနစ်တွင် ဒုတိယနှင့်တတိယမြောက်ဂိုးများ သွင်းယူခဲ့သည်။

ဒုတိယပိုင်း ၁၇မိနစ်တွင် အီကွေဒေါအတွက် အော်စတင်ဒယ်ဂါဒိုက ချေပဂိုးမသွင်းမီ ငါးမိနစ်တွင် ခရစ္စတီယန်ဂွန်ဇာလက်ဇ်က အာဂျင်တီးနားအတွက် ပယ်နယ်တီတစ်ဂိုး သွင်းယူခဲ့သည်။

အာဂျင်တီးနားသည် ဒုတိယပိုင်း ၂၆ မိနစ်အထိ ဆာဗီယိုလာက သုံးဂိုး၊ အင်ဒရက်ဒီအလက်ဇန်ဒရိုနှင့် လူးဝစ်ဂွန်ဇာလက်ဇ်တို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ **(ရိုက်တာ)**

ဟော်လန်အသင်းနည်းပြ ရာထူးမှနုတ်ထွက်သွားပြီ

ဘရပ်ဆဲလ် ဇူလိုင် ၈

ဒတ်ချ်ဘောလုံးအသင်းနည်းပြ ဒစ်ခ်အက်ဗိုကတ်သည် ရာထူးမှနုတ်ထွက်သွားပြီဖြစ်ကြောင်း ရေဒီယိုနယ်သာလန်က ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

ယင်းကြေညာချက်ကို ဒတ်ချ်ဘောလုံးအသင်း၏ အကြီးအကဲ ဟင့်ခ်ကီခလာက အင်္ဂါနေ့ မွန်းလွဲပိုင်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အက်ဗိုကတ်သည် အဆိုပါကြေညာချက်မထုတ်ပြန်မီ ၂၀၀၆ ခုနှစ်အထိ ၎င်း၏စာချုပ်ကုန်ဆုံးသည်အထိ ဆက်လက်နေသွားမည် မဟုတ်ဟု အရိပ်အမြွက်ပြောကြားခဲ့သည်။ ၎င်းသည် ယူရို ၂၀၀၄ ပြိုင်ပွဲ၌ ဟော်လန်အသင်းက ချက်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် စိတ်အလွန်ထိခိုက်မှု ဖြစ်ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝိနည်းတော်နှင့်အညီချုပ်လုပ်ထားသည့် ဇောတိကာဝါဂွမ်းသင်္ကန်းများ

ဇောတိကာ Classic Show Room

Zawtika Thingan General Trading E-mail:zawtikasales@myanmar.com.mm http://www.zawtika.com

ဇောတိကာဆိုင်တိုင်းတွင် ပစ္စည်း၊ ဈေးနှုန်း၊ အာမခံစနစ် အတူတူ ရောင်းချပေးပါသည်။

ပန်းဘဲတန်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ မုန့်ရောင်းပွဲနှင့်ဝတ်စားဆင်ယင်မှုပြပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ပန်းဘဲတန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ မုန့်ရောင်းပွဲနှင့်မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲကို ယနေ့နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ်အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၁)၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သက်ဌေးကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အထောက်အကူပြုအဖွဲ့မှတိုင်းအုပ်ချုပ်ရေးမှူးဦးလှစိုး၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးမင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်တင်နွယ်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်စွဲ့ခင်မာဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ မြို့နယ်ဥက္ကဋ္ဌဦးတင်အုန်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်များမှအမျိုးသမီးရေးရာအဖွဲ့များတက်ရောက်ကြပြီး ရပ်ကွက်များနှင့်မြို့နယ်လုပ်ငန်းအဖွဲ့များစုပေါင်း၍ မြန်မာ့ရိုးရာမုန့်မျိုးစုံများ တပျော်တပါးရောင်းချ၍ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲကို ပြသသည်။ **(က-ပ)**

ဝါတွင်းကာလ ဆွမ်းဒါနပြုမည်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ ပန်းလှိုင်သံဃဒါနဆွမ်းလောင်းအသင်းက ကြီးမှူး၍ ကျောင်းတိုက်ကြီး ၁၆ တိုက်မှ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အပါး ၁၀၀၀နှင့် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀တို့အား ဆွမ်း၊ ဆွမ်းဟင်းများနှင့် ဆွမ်းဆန်တော်များ လောင်းလှူမည်ဖြစ်သည်။ စေတနာရှင် မိဘပြည်သူများသည် အသင်းတည်ရှိရာ ပန်းလှိုင်သံဃဒါန ဆွမ်းလောင်းအသင်း ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ တိုက် ၁ အခန်း ၀၀၁ ဓမ္မာရုံသို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်

မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းတော်များအသင်း၊ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်(၎င်းကိုယ်စား ဦးစောဖိလစ်၊ တွဲဖက်ဘဏ္ဍာထိန်း၊ပစ္စည်း) အမှတ် ၁၄၃၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း **(တရားလို)**

နှင့်

ဦးဌေးအောင် အမှတ် ၉၁၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်။ **(တရားပြိုင်)**

တရားပြိုင်ဦးဌေးအောင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တရားလိုက ‘အထူးကိုယ်စားလှယ်လွှဲစာကို ပယ်ဖျက်ပေးရန်လျှောက်ထား’ လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၀၄ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၆၆ ဒုတိယဝါဆိုလဆန်း ၁၂ရက်)မွန်းမတည့်မီ နံနက် ၉း၃၀နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။

၂၀၀၄ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးသန့်
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇(သမိုင်း)၊ မြေကွက်အမှတ် ၂/က ²/၁၊ ဧရိယာ(ယခင်) ၀ဒသမ၄၇၆ဧက (ယခု) ၀ ဒသမ ၄၇၀ ဧကရှိ မြေပိုင်မြေကွက်အနက်မှ ခွဲစိတ်ဆဲ ဧရိယာအရှေ့ဘက် ၈၃ပေ၊ အနောက်ဘက် ၆၇ပေ၊ တောင်ဘက် ၁၅၃ပေ၊ မြောက်ဘက် ၁၀၅ပေ စုစုပေါင်း ၀ဒသမ ၂၁၄ဧကခန့်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ၇မိုင်ခွဲ၊ ကုန်းမြင့်ရိပ်သာ၊ သံလွင်သစ်ခွလမ်း၊ အမှတ်၂/က/၂ဟုခေါ်တွင်သော နေအိမ်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို (မြေကွက်မြောက်ဘက်မှ ခြံဝင်းအတွင်းဝင်သည့်ဧရိယာ ၁၅ပေ x $\frac{၉၆}{၁၀၀}$ ပေရှိ လမ်းနှင့် ပေ ၁၀ x $\frac{၇၅}{၉၀}$ ပေရှိ လမ်း(Right of Way)ကို ရာသက်ပန် သုံးစွဲခွင့်ပါဝင်သည်။ တရားဝင် လက်ရှိ လုံးဝပိုင်ဆိုင်သူ ဦးအေးအောင် ၁၂/မရက(နိုင်)၁၁၇၄၃၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် မြေနှင့်အိမ်တို့၏ ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးဇော်မြင့်(မြိတ်)B.A., LL.B. ဦးထွန်းသာမောင် LL.B. သင်းကြူစိုး LL.B., LL.M.

(တရားရုံးချုပ်ရှေ့နေများ)

အမှတ်၅၅၊ အခန်း၂၃၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၂၈၀၄၊ ၀၉-၅၀-၀၈၄၄၅
E-mail:zm-myeik @ myanmar. com. mm

ဦးဂျွန်ဘရန်လီ ၁၃/လရန(နိုင်)၀၃၅၄၃၄နှင့်

အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးတန်ဂွန်း ၁၂/မရက(နိုင်)၁၂၇၁၅၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်အမည်ပါ ဦးဂျွန်ဘရန်လီ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ (၁၂) ရပ်ကွက်နေသူသည် ကျွန်ုပ်မိတ်ဆွေနှင့်တကွ မိသားစုများအပေါ် ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်သွားပါသဖြင့် ၎င်း၏ပြုမှုဆောင်ရွက်ချက်များအပေါ် ၎င်းကိုယ်တိုင်ဖြေရှင်းဆောင်ရွက်ရန်သာ တာဝန်ရှိကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေနှင့်တကွ မိသားစုများမှ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေနှင့်တကွ မိသားစုများကို ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်အား တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း လာရောက်မေးမြန်းစုံစမ်းခြင်းများ မပြုလုပ်ကြပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

ဦးတန်ဂွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းလှိုင်(ရန်ကုန်-ဝင်းလှိုင်)
ဥပဒေဘွဲ့(LL.B)၊ တရားရုံးချုပ်ရှေ့နေ
အမှတ် ၁၆၊ ကသစ်လမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

ယာဉ်လိုင်းများ စည်းကမ်းရှိရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်သည် အနောက်ပိုင်းခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီစီမံမှုအောက်ရှိ ယာဉ်လိုင်းအသီးသီးမှ ယာဉ်ပိုင်ရှင်များနှင့်တွေ့ဆုံလျက် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ယာဉ်နောက်လိုက်များ လိုက်နာရမည့် စည်းကမ်းများအပါအဝင် လိုင်းဝင်ယာဉ်များသတ်မှတ်ထားသည့်ခေါက်ရေပြည့်ပြေးဆွဲရေး၊ စက်သုံးဆီအလွဲသုံးစားမပြုရေး၊ ဝန်ထမ်းယာဉ်စီးခွင့်ကူပွန်များ ကြည်ဖြူစွာလက်ခံရေး၊ ယာဉ်စီးခပိုမိုမတောင်းခံရေး၊ ခရီးသည်များအာ ယဉ်ကျေးစွာဆက်ဆံရေးနှင့်ပတ်သက်၍ ဇူလိုင် ၇ရက် မွန်းလွဲ ၁ နာရီက မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ရှိ အနောက်ပိုင်းခရိုင် ယာဉ်လိုင်း(ရုံးချုပ်)တွင် ရှင်းလင်းဆွေးနွေးသည်။ **(၁၉၂)**

ကုမ္ပဏီပြောင်းရွှေ့ဖွင့်လှစ်ခြင်း

IBTC

International Beverages Trading Co., Ltd ၏
ရုံးသစ်ကို အောက်ပါလိပ်စာအတိုင်း(၁၁. ၇. ၀၄) ရက်နေ့မှ
စတင်ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါသည်။

ပြောင်းရွှေ့လိပ်စာ

အမှတ် (၁၈)၊ ပြည်လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်။
Tel : 95-1-662512, 244795, 651741 Fax : 95-1-663675
E-mail: ibtcygn@mptmail.net.mm http://www.royalwhisky.com

ပြည်တွင်း ပြည်ပပြိုင်ပွဲဆင်နွှဲရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်၏ ရည်မှန်းချက်များ

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် တိုးချဲ့ဖွဲ့စည်းသည့် အမှုဆောင်သစ်နှင့် မြန်မာ့အလင်းက မကြာမီက (ILBC) အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း (M.D, ILBC)၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးညွန့်စိုး (လက်ထောက်ညွှန်ကြားရေးမှူး–ယှဉ်/လေ့–အား/ကာ)၊ ဦးကျော်စိုးနှင့် အတွင်းရေးမှူး ဦးချိုမောင် (တွဲဖက် အတွင်းရေးမှူး၊ ကုက္ကိုင်း)တို့အား တွေ့ဆုံပြီး

မိမိတို့ယခင်ရရှိခဲ့တဲ့ ရွှေတံဆိပ်ပြန်ရရှိအောင် အထူးကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်စိုးက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
(ဓာတ်ပုံသိန်းဝင်းလေး–မြန်မာ့အလင်း)

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အမှုဆောင်သစ် တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်တွင်းပြိုင်ပွဲကျင်းပခြင်း၊ ပြည်ပပြိုင်ပွဲအတွက် ပြင်ဆင်မှု အခြေအနေ၊ မျိုးဆက်သစ်ရွေးချယ်မှုနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို တွေ့ဆုံမေးမြန်း၍ ဖော်ပြလိုက်ပါသည်။

ရည်ရွယ်ချက်

ရေးဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း(M.D, ILBC)က "မိမိတို့ရှေ့လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဦးစွာ နိုင်ငံတကာစံနှုန်းမီ ဒိုင်လူကြီး၃၉ဦး မွေးထုတ်ထားကြောင်း၊ ဒိုင်လူကြီး ၇၀ အထိ တိုးချဲ့မွေးထုတ်နိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများဖြစ်ရန် ရည်ရွယ်၍ ဒိုင်သင်တန်းများဖွင့်လှစ်ခဲ့ကြောင်း၊ အမှုဆောင်အဖွဲ့အသစ်အနေဖြင့် အတွေ့အကြုံရှိသည့် နည်းပြချုပ်နှင့် အတွင်းရေးမှူးဟောင်း ဦးညွန့်စိုးကို ဒုတိယဥက္ကဋ္ဌအဖြစ် တိုးမြှင့်ပြီး လက်ရွေးစင်ဟောင်းနှင့် တက်ကြွသည့် လူငယ်တစ်ဦးဖြစ်သည့် ဦးချိုမောင် (ကုက္ကိုင်းရေကူးအသင်း၊ တွဲဖက် အတွင်းရေးမှူး)အား မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အတွင်းရေးမှူးသစ်အဖြစ် လုပ်ငန်းများ ထိရောက်မြန်ဆန်အောင် အသစ်ခန့်ထားကြောင်း၊ ၎င်းနှင့် တွဲဖက်၍ လူငယ်လက်ရွေးစင်ဟောင်း ဦးမြင့်လွင်(ဒိုင်ဗင်)အား တွဲဖက်အတွင်းရေးမှူးအဖြစ် ခန့်အပ်ကာ ဆေးမှူး ဒေါက်တာတင်နှင်းသူ (ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်ရေကူးအသင်း)နှင့်အတူ ILBC ကျောင်းမှ ဒေါက်တာကျော်မင်းကို အမှုဆောင်သစ်အဖြစ် ခန့်အပ်တာဝန်ပေးထားကြောင်း၊ မိမိတို့အဖွဲ့ ယခုနှစ်တွင် ရေကူးအပိုင်းကို ပထမဦးစားပေး လုပ်ဆောင်မည်ဖြစ်ပြီး ယင်းနောက်မှ ဒိုင်ဗင်နှင့် ဝါတာပိုလို ကစားနည်းများကို ဆက်လက် တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ပဏာမ လက်ရွေးစင်များနှင့် မျိုးဆက်သစ် အလားအလာရှိ ရေကူးမောင်မယ်များအား ရှာဖွေပြီး စခန်းသွင်း လေ့ကျင့်ပေးမည် ဖြစ်ကြောင်း၊ မိမိတို့ အဖွဲ့ချုပ်ပိုင် ရေကူးကန်တစ်ကန်ကို ကျိုက္ကဆံကွင်း (အား/ကာသိပ္ပံ) ကျောင်းဝင်း၌ ရရှိမည်ဖြစ်ပြီး ရေကူးလေ့ကျင့်ရန် ကန်နှင့် ပြိုင်ပွဲကျင်းပရန် ကန်တစ်ခုစီ ဆောက်လုပ်ရန် စီစဉ်ထားကြောင်း၊ ပဏာမ လက်ရွေးစင်များနှင့် အလားအလာရှိ လူငယ်များကို တရုတ် (သို့မဟုတ်) ဩစတြေးလျနိုင်ငံတို့သို့ စေလွှတ်၍ သင်ကြားလေ့ကျင့်ပေးသွားမှာ ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့ချုပ်မှ နိုင်ငံ့ဂုဏ်ဆောင်ရေကူးမယ် ရွှေတံဆိပ်ဆုရှင် မိုးသူအောင်အား ဘဝအာမခံချက် တစ်စိတ်တစ်ဒေသ ရရှိပြီး ယခုထက်ပိုမို စိတ်အားထက်သန်စွာ စိတ်လွတ်ကိုယ်လွတ် လေ့ကျင့်နိုင်ရန်အတွက် မိမိကျောင်းမှ ကလေးများအား ရေကူးသင်တန်း ပေးရန်အတွက် ရေကူးဆရာမတစ်ဦးအဖြစ် တာဝန်ပေးထားကြောင်း၊ မိမိတို့ ရေကူးအဖွဲ့ချုပ်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရေကူးကစားနည်းမှ ရွှေတံဆိပ် ပြန်လည်ရရှိပြီး ဆုများများရအောင် အဓိကလုပ်ဆောင်နေကြောင်း၊ ပြည်တွင်းပြိုင်ပွဲများနှင့် လေ့ကျင့်မှုအပိုင်းကို ကျောင်းချိန်များနှင့် လွတ်ကင်းရန် အဓိကထား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဝါရင့်သမ္မာရင့် စိတ်တူကိုယ်တူ လုပ်ဖော် ကိုင်ဖက်များနှင့် လက်တွဲဆောင်ရွက်နေသည့်အတွက် အောင်မြင်မှုပန်းတိုင်ကို မုချ ဆုပ်ကိုင်လှမ်းကိုင်နိုင်မည်ဟု ယုံကြည်ပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

ရွှေတံဆိပ်ရအောင်

ဒုတိယဥက္ကဋ္ဌ ဦးညွန့်စိုးကလည်း"မိမိတို့ ယခင်က ရရှိခဲ့သည့် ရွှေတံဆိပ်ပြန်ရအောင် အထူးကြိုးစား လေ့ကျင့်လျက်ရှိကြောင်း၊ တစ်နေ့နှစ်ကြိမ် ပုံမှန်လေ့ကျင့်လျက်ရှိကြောင်း၊ ပြိုင်ပွဲဝေးကာလ၊ ပြိုင်ပွဲနီးကာလဟူ၍ ခွဲခြားပြီး လေ့ကျင့် လျက်ရှိကြောင်း၊ မိမိတို့ကိုယ်ပိုင်ရေကူးကန်မရှိ

ပြီးခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ် လေးဆုရ မိုးသူအောင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ နိုင်ငံတကာပြိုင်ပွဲများ အတွက် ရေကူးလေ့ကျင့်စဉ်။
(ဓာတ်ပုံသိန်းဝင်းလေး–မြန်မာ့အလင်း)

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
သိန်းဝင်းလေး(မြန်မာ့အလင်း)

သေး၍ အချိန်ကိုင်၍ ကွက်ပြီးလေ့ကျင့်ရသည့်အတွက် လေ့ကျင့်မှုပိုင်း အားနည်းမှုရှိကြောင်း၊ ယခုအခါ ကိုယ်ပိုင်ရေကူးကန်ဆောက်လုပ်ခွင့် ရရှိသည့်အတွက် ယခုထက်ပိုမို၍ စိတ်ကြိုက် လေ့ကျင့်မှုပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ မိမိတို့ရွေးချယ် ထားသည့် ပဏာမ လက်ရွေးစင်များနှင့် အလားအလာရှိသော မျိုးဆက်သစ် အားကစားသမား



မျိုးဆက်သစ် လူငယ်ရေကူးသမားများ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်တွင် တာထွက်ရန် လေ့ကျင့်နေကြစဉ်။
(ဓာတ်ပုံသိန်းဝင်းလေး–မြန်မာ့အလင်း)

အများစုသည် ကျောင်းသူ ကျောင်းသားများဖြစ်ကြသည့်အတွက် ကျောင်းချိန်နှင့် လွတ်စေရန် လေ့ကျင့်ရကြောင်း၊ ယခုလောလောဆယ် ပဏာမလက်ရွေးစင် မိုးသူအောင်တစ်ဦးကိုသာ စခန်းသွင်း လေ့ကျင့်ပေးထားပြီး အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့က တစ်နေ့လျှင် ကျပ် ၈၀၀နှုန်း အပါအဝင် မိမိတို့အဖွဲ့ချုပ်မှ ကျန်စားသောက်စရိတ်များအပါအဝင် တစ်လကိုငါးသောင်းနှုန်းဖြင့် အိုလံပစ် ဟိုတယ်တွင် ကျွေးမွေးထားကြောင်း၊ မိုးသူအောင်နှင့် အလားအလာရှိ လူငယ်အချို့ကို တရုတ်ပြည်သို့ လာမည့် စက်တင်ဘာလတွင် စေလွှတ် လေ့ကျင့်ပေးရန် ဥက္ကဋ္ဌနှင့် အမှုဆောင်များက တိုင်ပင်၍ စီစဉ်ထားကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

လေ့ကျင့်မှုပြုလုပ်

ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သည့် ရေယာဉ်လုပ်ငန်းပိုင်ရှင် ဦးကျော်စိုးကလည်း "မိမိတို့အဖွဲ့ချုပ်တွင် ပါဝင်ခဲ့သည်မှစ၍ ယခုအထိနိုင်ငံတကာ ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။ (ဓာတ်ပုံသိန်းဝင်းလေး–မြန်မာ့အလင်း)

၂၀၀၃ခုနှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် အမျိုးသားတံခွန်စိုက် ရေကူးပြိုင်ပွဲ၊ ဩဂုတ်လတွင် ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ သက်တန်းအလိုက်ရေကူးပြိုင်ပွဲ၊ ၂၀၀၃ခုနှစ် ဇွန်လတွင် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သော အာဆီယံသက်တန်းအလိုက် ရေကူးပြိုင်ပွဲနှင့် ဧပြီလတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူတွင် ကျင်းပသည့် အာဆီယံနိုင်ငံများ သက်တန်းအလိုက် ရေကူးပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်များရရှိပြီး တိုးတက်မှုရှိခဲ့ကြောင်း၊ အဆိုပါပြိုင်ပွဲ အတွေ့အကြုံများကို အခြေခံပြီး ရှေ့ပြိုင်ပွဲများအတွက် တိုးမြှင့် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း" ပြောကြားသည်။

မျိုးဆက်သစ်

အတွင်းရေးမှူးသစ် ဦးချိုမောင်ကလည်း "ယခင် ရွှေတံဆိပ်ဆွတ်ခူးပေးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မိုးသူအောင်သည် မိမိတို့ ကုက္ကိုင်းရေကူး အသင်းမှ ထွက်ပေါ်လာသည့် ရေကူးချန်ပီယံတစ်ဦးဖြစ်ကြောင်း၊ ရေကူးအသင်းဝင်မဟုတ်စေကာမူ မည်သည့် ပဏာမလက်ရွေးစင်များနှင့် မျိုးဆက်သစ်များကိုမဆို ကျောသားရင်သားမခွဲခြားဘဲ တိုးတက်မှုရှိအောင် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးစား လေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း၊ လူငယ် ပြုစုပျိုးထောင်ရေး စီမံကိန်းရေးဆွဲထားကြောင်း၊ ယင်းစီမံကိန်းတွင် ၈နှစ်မှ ၁၂နှစ်ကြား ကလေးများကို ရေကူးသမားများအဖြစ် မွေးထုတ်ရန် ရည်ရွယ်ထားကြောင်း၊ ထို့အတွက် မိမိတို့အဖွဲ့ချုပ်ပိုင် ရေကူးကန်တစ်ကန်ရှိရန် လိုကြောင်း၊ ရေကူးနည်းပြ ဆရာတစ်ယောက်ဖြင့် နှစ်လုံးပေါက် လေ့ကျင့်ပြသပေးရန် စီစဉ်လျက်ရှိကြောင်း၊ ယင်းသို့ သင်ကြားပေးရာတွင် ရေကူးဝါသနာပါပြီး စိတ်ဝင်စားသည့် ကလေးများကို ကျောင်းများက ရရန်လိုကြောင်း၊ ဥက္ကဋ္ဌထံမှ ခွင့်ပြုချက် တောင်းပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနတို့သို့ အကူအညီ တောင်းရန် စီစဉ်လျက်ရှိကြောင်း၊ ကျောင်းချိန်ပြင်ပတွင် ရေကူးသင်တန်းဖွင့်လှစ်ပြီး ဗီဒီယိုတိပ်ခွေရိုက်ကူးပြသပြီး စည်းရုံးရန်လိုအပ်ကြောင်း၊ မိမိတို့၏ ရေကူးကန်နှင့် အနီးဆုံးဖြစ်သည့်ကျောင်းများသို့ ဦးစွာစည်းရုံးဆောင်ရွက်ပြီး မျိုးဆက်သစ်လူငယ်များ မွေးထုတ်ရန်နှင့် မိမိတို့ အဖွဲ့ချုပ်တွင် ရေကူးသင်တန်းသာရှိပြီး အဆင့်မြင့် ရေကူးသင်တန်းမရှိသဖြင့် မိမိတို့အဖွဲ့ချုပ်၏ အလားအလာရှိသော ရေကူးသမားတွေကို အဆင့်မြင့်ရေကူးသင်တန်း ပို့ချသင်ကြားပေးရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များ၊ တတ်ကျွမ်းနားလည်သော အမှုဆောင်များ သိုက်သိုက်ဝန်းဝန်း စည်းစည်းလုံးလုံးဆောင်ရွက်သည့်အတွက် မိမိတို့အားဖြည့် ကြိုးပမ်း ဆောင်ရွက်လိုက်ပါက နိုင်ငံတော်အတွက် စံထားလောက်သော နိုင်ငံ့ဂုဏ်ဆောင် ရေကူးသမားများ ပေါ်ထွန်းလာမှာဖြစ်ကြောင်း" စသဖြင့် မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။ ။

(မြန်မာ့အလင်း)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် လက်ထောက်အင် ဂျင် နီ ယာ ဒေါ်လေးခင် တို့ ဇွန် ၂၃ ရက်က အောင်သုခလမ်း လမ်း ပေါက် ဖာ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်းဆောင်ရွက်စဉ်။ (၁၅၈)

ဇွန်၁၁ရက်က မိုင်းဆတ်မြို့ မယ်ဆွမ်တောင်ရပ်ကွက်ဘုရင့်နောင်လမ်းနှင့် မင်းရဲကျော်စွာ လမ်းဆုံရှိ တြိဂံ(ပန်းခြံ)အတွင်း မြေခင်းအလှပြုပြင်ခြင်း၊ ရောင်စုံပန်း အလှပန်းများ စိုက်ပျိုးခြင်းနှင့်ပန်းခြံပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများကို စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများစုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)



နောင်ချိုမြို့နယ် ကျေးလက်တယ်လီဖုန်းစက်ခလုတ်ခုံ တပ်ဆင်ရေး မြေနေရာရွေးချယ်လုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

နောင်ချို ဇူလိုင် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နှင့် ၁၉ မိုင်ကွာဝေးသည့် သုံးဆယ်ကျေးရွာအုပ်စုတွင် ကိုယ့်အားကိုယ်ကိုး တယ်လီဖုန်းလိုင်း ၁၀၀ပါ စက်ခလုတ်ခုံတပ်ဆင်မည်ဖြစ်ရာ တယ်လီဖုန်းစက်ခလုတ်ခုံတည်ဆောက်မည့် မြေနေရာရွေးချယ်ခြင်းနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၉ ရက် နံနက်က သုံးဆယ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ သုံးဆယ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဘသောင်းနှင့် ကိုယ့်အားကိုယ်ကိုး တယ်လီဖုန်း တပ်ဆင်ရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

တိုးတက်လာ

ကိုယ့်အားကိုယ်ကိုး တယ်လီဖုန်းတပ်ဆင်ပြီးစီးပါက သုံးဆယ်ကျေးရွာနှင့် မြို့ကြီးများသို့ ဆက်သွယ်နိုင်ပြီး နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာအုပ်စု ကျေးလက်ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

(၂၄၂)

ကျေးလက် သတင်း နှင့် မြင်ကွင်း

တံတားဦးမြို့နယ်ကျေးလက်စာကြည့်တိုက်ဖွင့်

တံတားဦး ဇွန် ၃၀

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စကားအင်းကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ 'ပန်းစကား' ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၅ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်စကားအင်း ကျေးရွာဥက္ကဋ္ဌ ဦးဒေါင်းမြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစိန်မြက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စကားအင်းကျေးရွာဥက္ကဋ္ဌ ဦးဒေါင်းမြိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

နွေစပါးစိုက်ခင်းနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး ဘောလခဲမြို့နယ်ဟော်ခမ်းကျေးရွာတွင်ကွင်းဆင်းဆောင်ရွက်

ဘောလခဲ ဇွန် ၇

ကယားပြည်နယ် ဘောလခဲခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကံထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇွန်၃ရက်က ဘောလခဲမြို့နယ် ဟော်ခမ်းကျေးရွာအုပ်စုရှိ ကျေးရွာများ နွေစပါးစိုက်ပျိုးထားရှိမှုကို သွားရောက်ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ဟော်ခမ်း ကျေးရွာအုပ်စုတွင်းရှိ ဟော်ခမ်းကျေးရွာလယ်ငါးဧက၊ စောလုံကျေးရွာလယ် ငါးဧကနှင့် လွယ်စိမ်းကျေးရွာလယ်ဧက ၂၀ တို့ကို ဖော်ထုတ်ပြီးနွေစပါးစိုက်ပျိုးသည့် စိုက်ခင်းများသို့ ကွင်းဆင်း ကြည့်ရှု၍ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာကြည့်တိုက်

ထို့နောက် စိုက်ပျိုးရေးဌာနမှ စိုက်ပျိုးရေး အသိပညာပေးခြင်း၊ မြို့နယ်ဆရာဝန်က ကျေးလက်ပြည်သူများ၏ ကျန်းမာရေးကြည့်ရှုစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်း၊ မြို့နယ်ပညာရေးမှူးမှ ကျောင်းနေရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် မူလတန်းကျောင်းများတွင် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများဖြည့်ဆည်းပေးခြင်းနှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့် စာကြည့်တိုက်တို့ကို ဖွင့်လှစ်ပေးကြသည်။

ရေအားလျှပ်စစ်

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဟော်ခမ်းကျေးရွာ ရေထွက်မှ ရေအား လျှပ်စစ် ထုတ်လုပ်နိုင်ရေး အခြေအနေတို့ကိုလည်း သွားရောက်ကွင်းဆင်းကြည့်ရှုကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်မြို့ဝက်ထီးကန်ကျေးရွာတွင်စာကြည့်တိုက်ဖွင့်လှစ်

ပြည် ဇွန် ၁၈

ပြည်မြို့နယ်ဝက်ထီးကန်ကျေးရွာအုပ်စုတွင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ၊နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ ရက် နံနက် ၁၀ နာရီက 'ဗဟုသုတဘဏ်'စာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဒုတိယဦးစီးမှူး ဦးမိုးထွန်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဒုတိယဦးစီးမှူး ဦးညဏ်မွှေးက ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ဂျာနယ်မျိုးစုံ ၁၄၁ အုပ်အား ကျေးရွာဥက္ကဋ္ဌကို ပေးအပ်လှူဒါန်းသည်။

အလားတူ အရှေ့လက်ခုပ်ပင်၊ ဖြူးကုန်း၊ နတ်တလင်း၊ ထမ္မကောက်၊ မြောက်နဝင်းရွာသစ်၊ ဇီးအုပ်၊ မြွေရိုး နှင့် ပျဉ်းမအိုင်ကျေးရွာအုပ်စုများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ကြကြောင်းသိရသည်။

(၁၉၉)

ဟိုပင်မြို့နယ် ကျေးလက်လမ်း ကျောက်ချောခင်း

ဟိုပင် ဇွန် ၃၀

ကချင်ပြည်နယ် ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြု ငွေကျပ် ၅၃ဒသမ၄ သိန်းဖြင့် ဆောင်ရွက်မည့် အရှည်ပေ ၂၁၀၀ရှိ ဂါတ်ကုန်း- နန်ရင်း ကျေးလက်လမ်း ကျောက်ချောခင်းခြင်းဆောင်ရွက်ရန် ကျောက်များ ဝယ်ယူ စုဆောင်းထားရှိမှုကို ဟိုပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်၊ ဟိုပင်မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအင်ခွန်အောင်တို့ ဇွန် ၁၂ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွမ်းခြံကုန်းမြို့ လျှပ်စစ်ရုံးလမ်းနှင့် ခိုင်ရွှေဝါလမ်း ကိုယ့်အားကိုယ်ကိုး ဂဝံခင်း ပြုပြင် ခြင်းကို မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ယန္တရားဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးအောင် တို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့တွင်းလမ်း ပြုပြင်ထိန်းသိမ်း

ဇလွန် ဇူလိုင် ၂

ဇလွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ကုန်-ဟင်္သာတ ကားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သောမြို့တွင်းအဒါးလမ်းတစ်လျှောက် ယာဉ်များအဆက်မပြတ် ကောင်းမွန်စွာ သွားလာနိုင်ရေးအတွက် ဇွန်၃၀ရက်က ကျောက်ဖြည့်၍ ပြုပြင်ဖာထေးခြင်း၊ ရေမြောင်းများ ဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မိုးညှင်းမြို့၌ညှိနှိုင်းဆွေးနွေး

မိုးညှင်း ဇွန် ၁၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အင်းတော်ကြီးဒေသစိမ်းလန်းစိုပြည်သာယာရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၀ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမြင့်အောင်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည့် စီမံချက်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းအမှာစကား ပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဦးဝင်းနိုင်က ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် မြို့နယ် ဌာနဆိုင်ရာများ စနစ်တကျပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများကိုရှင်းလင်းဆွေးနွေးသည်။

အောင်မြင်ရေး

ထို့နောက် မြန်မာ့ စိုက်ပျိုးရေး လုပ်ငန်းမြို့နယ်မန်နေဂျာဦးအောင်မြင့်က စပါးတစ်ဧက တင်းတစ်ရာကျော် စီမံကိန်းစိုက်ပျိုးအောင်မြင်ရေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာတင်ဝင်းက ကျေးလက်ကျန်းမာရေး လုပ်ငန်းအောင်မြင်ရေး၊ မြို့နယ်ပညာရေးမှူးဒေါ်တင်မိုးအေးက ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေး၊စိမ်းလန်းစိုပြည်ရေး နှင့် သားငှက်ဝန်းကျင် ထိန်းသိမ်းရေး၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောနှင့် မြေသယံဇာတများ ထိန်းသိမ်းရေးများကို တင်ပြဆွေးနွေးကြသည်။

(၁၅၂)

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သော ဖေဖေဦးကြင်ဝမ်နှင့်မေမေဒေါ်လှသိန်း (ဂျိုးသိန်းဆေးပေါ့လိပ်) တို့၏ ၂၀၀၄ခုနှစ်တွင်ကျရောက်သော စိန်ရတုမွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်၁၂၀တိုင် ချစ်သားသမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်စုံစွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားသမီးများ

၁။ ဦးသိန်းဆွေ – ဒေါ်မြင့်မြင့်သန်း
၂။ ဒေါ်ခင်ပြုံးဆွေ – Dr.ညွန့်ဦး
၃။ ဦးအောင်ဆွေ – ဒေါ်ခင်မြအေး
၄။ ဦးမြင့်ဆွေ – ဒေါ်အေးမြင့်သန်း
၅။ ဒေါ်ခင်အေးဆွေ – ဦးကျော်ညွန့်
၆။ ဦးဝင်းဆွေ – Dr.မြတ်သီတာမြင့်
၇။ ဒေါ်ခင်အုန်းဆွေ – ဦးလှမြင့်
၈။ ဒေါ်ခင်သင်းဆွေ – ဦးစိန်အောင်
၉။ ဒေါ်ခင်မိုးအေး – ဦးအောင်ဇော်ဦး
၁၀။ ဒေါ်ခင်စိုးအေး – ဦးမိုးနိုင်
၁၁။ ဦးမျိုးဆွေ – ဒေါ်မိမိသက်
၁၂။ ဒေါ်ခင်ဆွေဆွေ – Dr.အောင်စိုးဝင်း

ချစ်မြေးများ

ချောစုလွင်၊ ဘုန်းမြင့်၊ မျိုးညွန့်ဦး၊ မျိုးညွန့်ထူး၊ သီတာဦး၊ မျိုးညွန့်ထွန်း
စန်းပွင့်မွေး၊ ငုံပွင့်မွေး၊ သဉ္ဇာပွင့်မွေး၊ နိုင်ကိုကို၊ ဖူးပွင့်မွေး၊ လဲ့လဲ့ဝင်း
ထွန်းထွန်းနိုင်၊ လဲ့လဲ့ဝေ၊ လဲ့လဲ့ခိုင်၊ ထက်အောင်ကျော်၊ အေးမြသန္တာ
မြတ်သက်ထက်ဝင်း၊ ဟိန်းထက်ဝင်း၊ ခင်စန္ဒာလှမြင့်၊ လှမြင့်သိန်း
အောင်မြင့်ထွန်း၊ မိုးဟန်နီဇော်၊ မိုးသီတာဇော်၊ ဆွေသက်နှင်း
မျိုးထက်ကျော်၊ ဆွေသက်ပြည့်၊ ခင်စန္ဒာဝင်း၊ ခင်ရှင်းသန့်ဝင်း

ရွှေဘိုမြို့ မော်ဓောမြင်သာမြို့ထောင့်စေတီ ဗုဒ္ဓပူဇနိယဘုရားပွဲတော်

(၁) နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ရွှေဘိုမြို့ သမိုင်းဝင် မော်ဓောမြင်သာမြို့ထောင့်စေတီ ဘုရားပွဲတော်ကို ၁၃၆၆ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်မှ သီတင်းကျွတ်လဆန်း ၁ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။

နာယကသြဝါဒါစရိယဆရာတော်များ၏ သြဝါဒနှင့် ပွဲတော်ကျင်းပရေးကော်မတီတို့၏ ညွှန်ကြားချက်များနှင့်အညီ ဘုရားပွဲတော်နယ်နိမိတ်အတွင်း၌ (က) လောင်းကစားဝိုင်းများ လောင်းကစားခြင်း၊ (ခ) အရက်သေစာများ ရောင်းချခြင်းတို့ကို လုံးဝ (လုံးဝ)ခွင့်မပြုပါ။

(၂) ပွဲတော်ရက်များတွင် ပါဝင်ကပြကြမည့် ဇာတ်သဘင်၊ ဆပ်ကပ်၊ ပဒေသာကပွဲ၊ လက်ဝှေ့ပွဲများ၏ ရုံနေရာများ၊ အထူးဆိုင်ခန်းများ၊ လျှပ်စစ်မီး ဆက်သွယ်ထွန်းညှိခြင်းများ၊ ပုံကျစျေးကောက်များနှင့် ရေလောင်းအိမ်သာများ၊ စက်ဘီး၊ ဆိုင်ကယ်အပ်ခံခြင်းကို စျေးပြိုင်စနစ်ဖြင့် သတ်မှတ်ချထားပေးပါမည်။

ကျင်းပမည့်နေ့ရက် – ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆို လပြည့်ကျော် ၃ ရက် (၂၀၀၄ခုနှစ် ဩဂုတ်လ ၃ ရက်)

ရောင်းချမည့်အချိန် – နံနက် ၁၀ နာရီ

ရောင်းချမည့်နေရာ – ဂေါပကရုံးခန်း၊ ရွှေဘိုမြို့

(၃) **စည်းကမ်းသတ်မှတ်ချက်များ**

(က) စေတီကြီး၏ရင်ပြင်တော်မှ စေတီကြီးအား ကျောပေးထားသော ဆိုင်များအား ယခုနှစ်ပွဲတော်၌ သင့်လျော်သောနေရာသို့ ရွှေ့ပြောင်းနေရာချထားပေးပါမည်။

(ခ) စျေးပြိုင်စနစ်တွင် လက်ငင်းငွေချေပေးသွင်းရမည်။

(ဂ) ရိုးရိုးဆိုင်ခန်းများ၏ မူလလက်ဟောင်းရောင်းချသူများအား တော်သလင်းလဆန်း ၁ရက်မှ ၅ရက်အထိသာ ရောင်းချပါမည်။

(ဃ) ကျန်ရှိသောဆိုင်ခန်းများကို တော်သလင်းလဆန်း ၇ရက်မှ စတင်ပြီး ဦးရာစနစ်ဖြင့် ရောင်းချပါမည်။

(င) ဘုရားပွဲတော်နယ်နိမိတ်အတွင်း မည်သည့်အလှူခံမှု ခွင့်မပြု (ခွင့်မပြု)၊ မည်သည့်ဒေသကိုမှ နယ်လှည့်အလှူခံများ စေလွှတ်ခြင်းမပြုပါ။

ဂေါပကအဖွဲ့
မော်ဓောမြင်သာမြို့ထောင့်စေတီတော်
ရွှေဘိုမြို့။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ် ၅၃ တွင် နေထိုင်သည့် ဦးသိန်းဝင်း၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကြီး(က/ဂ) ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ် ၁ ခြံမြေပေါ်တွင် မြေရှင် ဦးသိန်းဝင်းနှင့် ကန်ထရိုက်တာ ဦးသောင်းထိုက်တို့သည် ခြောက်ထပ်တိုက်သစ်တစ်လုံးဆောက်လုပ်ရန်သဘောတူစာချုပ်အရ ဦးသောင်းထိုက်မှ ဆောက်လုပ်ခဲ့သော်လည်း သတ်မှတ်ရက်နှင့် တိုးမြှင့်ရက်များ ကုန်ဆုံးသည့်တိုင် အပြီးသတ်ဆောက်လုပ်ခြင်း မပြုနိုင်သည့်အပြင် မြေရှင်နှင့်တွေ့ဆုံခြင်းမပြုဘဲ ရှောင်တိမ်းနေပါသည်။

ထို့ကြောင့် မြေရှင်အနေဖြင့် စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်တော့မည်ဖြစ်ပါ၍ အဆိုပါတိုက်ခန်းများနှင့် သက်ဆိုင်သူများသည် အထောက်အထားများနှင့်တကွ ဤသတင်းစာပါနေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံသို့ တင်ပြပြောဆိုနိုင်ကြောင်းနှင့် ထိုနေ့ကျော်လွန်ပါက မြေရှင်မှ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးငွေသိန်း
H.G.P.,LL.B.,Advocateship
D.B.L.,D.A.Psy., D.M.L
တရားရုံးချုပ်ရှေ့နေ(၄၅၂၄)
အမှတ် ၅၈၊ ပ–ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ရုံးဖုန်း–၃၇၆၃၁၉။





ဂါထာသုစိ

ဖြန့်ချိရေး သစ္စာမဏ္ဍိုင်စာပေ
၀၉–၈၀ ၂၁၆၈၀၊ ၃၈၃၇၅၂
ဓမ္မဗိမာန်– ၂၁၁၃၅၉

ခြင် ခြင်တွေ အဝေးကိုပြေးဖို့ မားစ်ပါဝါသုံးကြစို့

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ–၂၀၀၄

SEVENTEENTH GEMS & JADE SALES OF THE UNION OF MYANMAR ECONOMIC HOLDINGS LIMITED

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇) ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၄)ကို ၁၆–၈–၂၀၀၄ရက်နေ့မှ ၁၉–၈–၂၀၀၄ရက်နေ့အထိ အမှတ် ၆၆၊ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ၌ အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်–

(က) ၁၆–၈–၂၀၀၄ ရက်မှ ၁၈–၈–၂၀၀၄ ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ခ) ၁၉–၈–၂၀၀၄ ရက်တွင် Bargain and Auction စနစ်များဖြင့် ရောင်းချခြင်း။

၂။ ဝယ်ယူလိုသူများသည် ၁၃–၈–၂၀၀၄ ရက်နေ့မှစ၍ မှတ်ပုံတင်ကြေး နိုင်ငံသားကျပ် ၄၀၀၀၊ နိုင်ငံခြားသား အမေရိကန်ဒေါ်လာ ၂၀ နှင့်အတူ မှတ်ပုံတင် စာရင်းပေးသွင်းနိုင်ပါသည်။

၃။ ပုဂ္ဂလိကကျောက်မျက်၊ ကျောက်စိမ်း လုပ်ငန်းရှင်များမှလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည် လက်ဝတ်ရတနာများကို ၂၀–၇–၂၀၀၄ရက်မှ ၃၀–၇–၂၀၀၄ရက်နေ့အတွင်း လာရောက်အပ်နှံနိုင်ပါသည်။

၄။ ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် ဝဒသမ၄ ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး၊ ရောင်းချရပါက ရောင်းရငွေပေါ်တွင် ရတနာခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ် စုံစမ်းနိုင်ပါသည်။

မြန်မာရူဘီအင်တာပရိုက်(စ်)
အမှတ် ၂၄/၂၆ (ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံ)
ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း–၃၇၁၀၅၃၊ ၃၇၀၅၆၁
မြန်မာအင်ပီရီရယ်(လ်) ဂျိတ်
အမှတ် ၂၄/၂၆(ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံ)
ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း–၃၇၁၀၂၇၊ ၃၇၀၅၆၄

ဒေါ်စန္ဒာလွင် ၁၂/ပဘတ(နိုင်)၀၀၅၇၇၁ ပန်းဘဲတန်း သိစေရန်

ကျွန်မ ဒေါ်မေသက်ထွန်း ၁၂/ဥကမ(နိုင်)၁၆၃၇၆၇ မြောက်ဥက္ကလာ နေသူထံမှ ဒေါ်စန္ဒာလွင် ၁၂/ပဘတ(နိုင်)၀၀၅၇၇၁ အမှတ် ၁၃၈–၆လွှာ၊ ၂၅လမ်း၊ ပန်းဘဲတန်းမြို့နယ်နေသူသို့ ၆–၁–၂၀၀၄ ရက်တွင် ယုံကြည်စွာ အပ်နှံခဲ့သောငွေများကို ဤကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လာရောက်ပေးအပ်ပါရန်။ တစ်ပတ်ကျော်ပါက တရားဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်မေသက်ထွန်း။

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့်အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ–၁၁)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမအထွေထွေမှုအမှတ်–၁၂၉

ဦးမြင့်ထွန်း (လျှောက်ထားသူ)

မောင်အောင်ဖြိုးသူကျော်နှင့် မစိမ်းလဲ့လဲ့ထွန်း (အမှတ် ၃၆၊ အောင်တော်မူလမ်း၊ မြေနီကုန်းတောင်ရပ်၊ စမ်းချောင်းမြို့နယ်)ရပ်နေ အရွယ်မရောက်သေးသော သူငယ်နှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း။

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ အောင်တော်မူလမ်း၊ အမှတ် ၃၆ နေ ဦးမြင့်ထွန်းက (အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ်)၏ ဖခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၆ ရက် (၁၃၆၆ ခုနှစ် ဒုတိယဝါဆို လဆန်း ၁၀ ရက်)နေ့ နံနက် ၉:၃၀ နာရီအချိန်တွင် ချိန်းဆိုလိုက်သည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စန္ဒာသွယ်(တ–၁၅၈၉)
တွဲဖက်တိုင်းတရားသူကြီး(၁၄)
ရန်ကုန်တိုင်းတရားရုံး။

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃)
ပဲခူးတိုင်း၊ တောင်ငူခရိုင်တရားရုံး၌
၂၀၀၄ခုနှစ်၊ တရားမအသေးအဖွဲ့မှု အမှတ်–၉
ကွယ်လွန်သူ ဦးစောခဲလှမှပြုလုပ်ခဲ့သောသေတမ်းစာအတွက် သေတမ်းစာအတည်ပြုလက်မှတ်(PROBATE) ထုတ်ပေးပါရန် လျှောက်ထားသည့်အမှု

တောင်ငူမြို့၊ ရပ်ကွက်(၂၀)၊ မြို့ကြီးတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစောခဲလှ၏ သေတမ်းစာအတည်ပြုချက်လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးစောဘီးဘီလူးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၄ခုနှစ်၊ ဇူလိုင် ၂၆ ရက်(၁၃၆၆ခုနှစ်၊ ဒုတိယဝါဆို လဆန်း ၁၀ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစောခဲလှ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်ဆိုခဲ့သော ၂၀၀၄ ခုနှစ် ဇူလိုင် ၂၆ရက် (၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ(၂၈၃)နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးစောဘီးဘီလူး၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၄ခုနှစ် ဇူလိုင် ၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ဝင်းမြင့်
ခရိုင်တရားသူကြီး၊ တောင်ငူခရိုင်တရားရုံး။

ကြော်ငြာစာ

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် (ခ)အကွက်၊ အကွက်အမှတ် (သ၊၉)၊ ဦးပိုင် အမှတ် (၂၈)၊ ဂရန်မြေကွက်အား ဒေါ်ရန်ဆွင်ချင် မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်) ၀၉၈၉၂၃မှ အမှုတွဲအမှတ် ၁၃၄၀/၂၀၀၂–၂၀၀၃ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှ မြို့ပြောင်း၊ အမည်ပြောင်း၊ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက် စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ။

ကျေးဇူးတင်ရှိခြင်း ဒေါ်လှစိန် (မုဒုံ) အသက် (၈၀)

ကွယ်လွန်သူ မိခင်ကြီး ဒေါ်လှစိန် (မုဒုံ) နာမကျန်းဖြစ်စဉ်က မေတ္တာစေတနာ အပြည့်အဝဖြင့် ပြုစုကုသပေးခဲ့ကြသော ဆရာဝန်ကြီးများ၊ လာရောက်အားပေးခဲ့ကြသော ဆွေမျိုး မိတ်သင်္ဂဟများ၊ လိုက်ပါပို့ဆောင်ခဲ့ကြသော ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟများ၊ တယ်လီဖုန်းဖြင့် နာရေးသတင်းမေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရက်လည်ဆွမ်းကျွေးအမှုဝေရာတွင် ကုသိုလ်ပါဝင်နိုင်ရန် သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများပေးပို့ ခဲ့ကြသောဆွေမျိုးမိတ်သင်္ဂဟများ၊ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ရပ်မိရပ်ဖများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံး ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

အဖ ဦးခင်ဇော်၏ သား အထက (၁) လသာ အဋ္ဌမတန်း (B)မှ မောင်ကောင်းဇော်မြတ်အား မောင်ကောင်းဇော်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းဇော်ထက်။

ဒေါ်ခင်လှတင့် အသက်(၈၇)နှစ်

(ဦးသိန်းဖေ–ဒေါ်တာ)တို့၏သမီး၊ (ဦးခင်မောင်)(ယစ်မျိုးဝင်ထောက်)၏ဇနီး ဗိုလ်ကြီးအေးသွင် (ကကဆက်)–ဒေါ်ခင်နှင်းမူ (ဌာနခွဲမှူး၊ ရေနံသယ်ပို့ဌာန၊ မြန်မာရေနံဓာတု ဗေဒလုပ်ငန်း)တို့ ၏ မိခင်၊ မခင်ရူပါထွန်း၊ မောင်နေသူရထွန်းတို့၏အဘွား ဒေါ်ခင်လှတင့်သည် ၉–၇–၂၀၀၄ ရက် နံနက် ၂:၀၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် တိုက် ၄၊ အခန်း ၁၊ ဓီဝကလမ်း၊ ဒဂုံမြို့နယ်မှ ရေဝေးသုသာန်သို့ ယင်းနေ့မွန်းလွဲ ၁:၀၀ နာရီတွင် ပို့ဆောင်သဂြိုဟ်ပြီးကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံခြင်း ဟာဂျီမဒေါ်နူရ်ဂျာဟန် (မောင်တော) အသက်(၆၈)နှစ်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ အမှတ် (၉)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၂၁၄) နေ ဦးဟာဘီ (အကောက်ခွန်–ငြိမ်း)၏ဇနီး၊ ဦးမောင်သိန်း(အကောက်ခွန်)–ဒေါ်တင်တင်ဆွေ၊ (ဦးဖော်ဇော်လ်ကော်ဘီရ် (ခ) ဦးကျော်သိန်း)–ဒေါ်အာဆီမာ၊ ဟာဂျီဦးရော်ဖိတ် (ခ) ဦးစိုးနိုင်–ဒေါ်သန်းသန်းနု၊ ဦးမှစ်တာဖာကာမာလ်–ဒေါ်စောဝင်းတို့၏မိခင်သည် ၆–၇–၂၀၀၄ ရက် ညနေ ၄:၃၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၇–၇–၂၀၀၄ ရက် ဇိုဟိုရ်နာမာဇ်အပြီးတွင် ရေဝေးစွန္နီကဘာရ်စတန်တွင် ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

ဦးချစ်စံ(ခ)ဦးမြင့်လွင်၏သမီး တောင်ကြီးမြို့ အထက(၇)ဒသမတန်း (D)မှ မစန္ဒာဝင်း ၁၃/တကန (နိုင်) ၂၀၃၉၃၅ အား မညွှန့်ညွှန့်ရီဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မညွှန့်ညွှန့်ရီ။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၅၁၈၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကညန တိုင်းရုံး (ရန်ကုန်) သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

ခရစ်တော်၌အိပ်ပျော်ခြင်း Pa Song Go Khai

စာရေး(ငြိမ်း)
အသက်(၅၈)နှစ်

ချင်းပြည်နယ် တီးတိန်မြို့နယ် Dampi ကျေးရွာနေ Pu Kham Za Thang-Pi Ngai Donတို့၏သားကြီး၊ Nu Don Ngaih Cing -Pa Kam Za Lang, Nu Vung Khan Dim- Pa Kham Khan Tual, Nu Zen Za Ciin- Pa Gen Khaw Gin, Nu Zo Ngaih Vung - Pa On Cin Thang တို့၏မောင်၊ Pa Song Za Nang- Nu Khawm Sian Ning, Nu Thang Sian Niang- Pa Ngul Do Khai, Pa Suan Khan Mang-Nu Pum Lian Niang (Lawibual-Tedim), Nu Dim Ngaih Hau (JAT-Kalaymyo)-Pa Go Lian Mang (လ/ထ ညွှန်မှူး ခရိုင်စီမံကိန်း–ကလေးမြို့)၊ Pa Dal Za Vungh (ကြီးကြပ်ရေးမှူး၊ မြန်မာ့မီးရထား–မန္တလေးမြို့)–Nu Dim Lam Vung, Nu Ning Khan Man - Pa Neng Khen Nang(တမူး)တို့၏အစ်ကို၊ Nu Cing Khan Vung (မူ/အုပ် အမက–Dampi)၏ ချစ်လှစွာသော ခင်ပွန်း၊ Tg.Thang Mun Mang (GFA-Yangon), Lia Don Sian Lun, Lia Niang Zam Cing (အထက(၂) တီးတိန်)၊ Lia Cing Sian Nuam (အထက(၂)–တီးတိန်)၊ Tg. Gin Sian Cin (အမက–Dampi)၊ Tg. Nang Lian Sum (အမက–Dampi)တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၁၇–၆–၂၀၀၄ရက် ည ၁၂နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉–၆–၂၀၀၄ ရက်တွင် Dampi ကျေးရွာ ခရစ်ယာန်သချိုင်း၌ သဂြိုဟ်ပြီးစီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ ကျောင်းအမ
ဒေါ်အမာကြည် (ဟင်္သာတ)
အသက်(၈၅)နှစ်

ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ၃ လမ်း၊ အိမ်အမှတ် ၂၂၆ နေ (ဦးဘိုးဟန်–ဒေါ်သိန်းမြ)တို့၏သမီး၊ (ဦးစိမ်းအောင်)၏ဇနီး၊ (ဦးတင်အောင်ခိုင်)–ဒေါ်ခင်ခင်သိန်း၊ ဦးစိုးနိုင်–ဒေါ်ချိုချိုဆွေ၊ ဒေါ်ရီရီမြင့်အောင်၊ ဦးအောင်ဝင်းနိုင်–ဒေါ်သန်းစီတို့၏မိခင်၊(မောင်သန်းထွဋ်အောင်)၊ မောင်သိန်းဇော်အောင်–မမြသန္တာအောင်၊ မောင်ပြည့်ဖြိုးအောင်၊ မောင်ဖြိုးပြည့်ပိုင်တို့၏အဘွားသည် ၉–၇–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်ကျော် (နတ်မောက်)
(B.A, B.L, D.J)
တာဝန်ခံစာတည်း(ငြိမ်း)၊စာပေဗိမာန်
အသက်(၈၀)

နတ်မောက်မြို့နေ (ဦးငွေဆိုင်၊ အထကကျောင်းအုပ်ကြီး–ဒေါ်တော်)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၃၈(က)နေ ဒေါ်တင်တင်(အငြိမ်းစား၊ သာသနာရေးဦးစီးဌာန)၏ခင်ပွန်း၊ ဦးထွန်းထွန်းလွင်[စက်ရုံမှူး၊ အမှတ်(၃)ပရိဘောဂစက်ရုံ]–ဒေါက်တာဝါဝါအောင်(ကထိက၊ ကာကွယ်/လူမှု ဆေးပညာဌာန၊ ဆေး–၂)၊ ဒေါ်ညိုညိုအောင်(လက်ထောက်မန်နေဂျာ၊ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်)တို့၏ဖခင်၊ ဒေါ်မြကြည်၊ (ဒေါ်ခင်မောက်)၊ (ဒေါ်ခင်တွေး)၊ ဦးဝေလင်း၊ ဒေါ်ခင်နွဲ့၊ ဒေါ်ငြိမ်းငြိမ်း၊ ဦးဌေးအောင်တို့၏ အစ်ကိုကြီး၊ မောင်ဉာဏ်လွင်အောင်၊ မဟန်သူလွင်တို့၏အဘိုးသည် ၉–၇–၂၀၀၄ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁–၇–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း ဒါယကာကြီး
ဦးသိန်း(ဦးချက်ကြီး) (သပြု)
M.T ဒန်သတ္တုလုပ်ငန်း
အသက်(၇၂)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ (ဦးစိုးညွှန့်–ဒေါ်ခင်ညွှန့်)တို့၏သား၊ (ဦးဖဲဝါ–ဒေါ်စိမ်းမြ)တို့၏သားသမက်၊ လှိုင်သာယာစက်မှုဇုန် အမှတ်၅၊ (၁၇)ရပ်ကွက်၊ အဓိပတိလမ်း၊ အမှတ် ၅၁၅ နေ (ဒေါ်သန်းရင်)၏ခင်ပွန်း၊ ဦးသိန်းမြင့်(S.R.S Co.,Ltd.)–ဒေါ်စမ်းစမ်းမာ၊ ဒေါ်သန်းသန်းနွယ်၊ ဦးမြင့်လှိုင်(M.T ဒန်သတ္တုလုပ်ငန်း)–ဒေါ်လှလှအေး၊ (ဦးထွန်းလှ)၊ ဦးကျော်သူရ–မတင်တင်ရီတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၀–၇–၂၀၀၄ရက် (စနေနေ့) နံနက် ၂း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂–၇–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးချစ်မောင်(ခ)ဦးနီ
မန်နေဂျာ(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း(ပြည်ပရောင်း)
စိန့်အဲလ်ဘတ် ကျောင်းသားဟောင်း(ပြင်ဦးလွင်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးသန်းဖေ–ဒေါ်မြမေ)တို့၏သား၊ တောင်ငူမြို့နေ (ဦးစောအာထွေး)–ဒေါ်နော်ဖြူးတီတို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၃၄)ရပ်ကွက်၊ ယမနေ ၃ လမ်း၊ အမှတ် ၁၂၂ နေ ဒေါ်မြင့်မြင့်ခင်(Rose)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် ၁၉၅ နေ ဦးဝဏ္ဏမောင်(ခ)ဖိုးခွား(Cheung Hing & Company.,HKG) (Thai Sawat Imp-Exp Co., Ltd., BKK)–ဒေါ်ခင်ပပ၊ ဦးမျိုးဝင်း(ခေတ္တ၊BKK)–ဒေါ်အေးအေးမောင်(ခ)ဒေးဒေး၊ ဦးငွေဦးမောင်(ခ)သားငယ်(Gewin)တို့၏ဖခင်၊ မောင်စံမင်းမောင်(အထက–၁၊ ဒဂုံ)၊ မဟန်သီထက်(အမက–၁၄၊ မြောက်ဒဂုံ)၊ မောင်သက်ထူးမောင်တို့၏ အဘိုးသည် ၇–၇–၂၀၀၄ရက် နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၁၁–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြောက်ဒဂုံနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မအေးမြင့်မြတ်မောင် (ဆဠမတန်း၊ ရန်ကင်း၊ TTC ")
အသက်(၁၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၈၅၀၊ ဗြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်နေ ဦးဘအုန်း–ဒေါ်စောမြိုင်၊ မန္တလေးမြို့နေ (ဦးစံတင်)–ဒေါ်အုံးကြည်တို့၏မြေး၊ ဗိုလ်မှူးကြီးဝင်းမောင်–ဒေါ်မြင့်မြင့်ကြည်တို့၏ ချစ်လှစွာသောသမီးထွေး၊ ဦးသန်းကြည်–ဒေါ်နုနုစိန်၊ ဦးဆန်းအောင်–ဒေါ်စန်းစန်းနွယ်၊ ဦးကိုကြီး–ဒေါ်အုံးကြင်၊ ဒေါ်ခင်ဝင်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးမောင်မောင်လေး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်အေးအေးသိန်းတို့၏တူမ၊ မောင်ရဲသူရဝင်း၊ မမေမြင့်မြတ်မောင်(အထက–၂၊ ဗဟန်း)တို့၏ချစ်လှစွာသောညီမ မအေးမြင့်မြတ်မောင်သည် ၁၀–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၇–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးထွန်းသိန်း (E/C)
မြန်မာ့မီးရထား(ငြိမ်း)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဦးချိုလမ်း၊ အမှတ် ၁၂၉ (D)နေ (ဦးလှမောင်–ဒေါ်ငွေညွှန့်)တို့၏သား၊(ဦးညိုသာ)–ဒေါ်ကြိုင်တို့၏သားသမက်၊ ဒေါ်ညိုတုတ် (Teacher Brown Crane International)၏ခင်ပွန်း၊ဒေါ်ရင်ရင်ထွန်း(စည်ပင်ဦးစီးဌာန)–ဦးဝင်းကိုကို၊ Teacherမီမီထွန်း(Crane International)–ဦးထွန်းထွန်းအောင် (ဆည်မြောင်းဦးစီးဌာန၊ ဘူမိဗေဒ၊ ရှစ်မိုင်ခွဲ)၊ ဒေါ်ဝင်းဝင်းထွန်း–ဦးကျော်မိုးခိုင် (ရန်မျိုးအောင်သင်္ဘော)၊ ဦးသိန်းမင်း–ဒေါ်အိအိအောင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၉–၇–၂၀၀၄ရက် နံနက် ၆း၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၁–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကမာရွတ်နှစ်ခြင်းခရစ်ယာန်အသင်းတော်တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကမာရွတ်ဘုရားကျောင်းရှေ့မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းမောင် (ကျိုက်ထို)
အသက်(၈၃)နှစ်

သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ ၂လမ်း၊အမှတ် ၃၄၅ နေ(ဒေါ်အေးကြည်)၏ခင်ပွန်း၊ အမှတ် ၈၂၊ မလွကုန်းလမ်း၊ ကျောက်မြောင်းနေ ဦးထွန်းသိန်း–ဒေါ်ရှယ်လီ (အမေ့အိမ် မုကြို)၊ ဦးမျိုးဆွေ(စာတိုက်၊ငြိမ်း)–ဒေါ်အေးအေး၊ ဦးစန်းမြင့်(ဆက်သွယ်ရေး၊ငြိမ်း)–ဒေါ်ကြည်ကြည်သန်းတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် အထက်ပါနေအိမ်၌ ၉–၇–၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစန်းငွေ (မြိတ်)
အသက်(၆၇)နှစ်

ရန်ကုန်တိုင်း၊ကျောက်တံတားမြို့နယ်၊ အမှတ် ၁၀၉(မြေညီထပ်၊ယာ)၊ ၃၉လမ်းနေ (ဦးဖန်–ဒေါ်ထွေးကျင်)တို့၏သားထွေး၊ ဦးရန်ငွေ–ဒေါ်ယဉ်ယဉ်လှ၊(ဦးချစ်ငွေ)၏ညီ၊မောင်ကျော်ဝဏ္ဏတို့၏ဦးလေးသည် ၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နီနီသန်း (ပြင်ဦးလွင်)
အငယ်တန်းအမှုဆောင်အရာရှိ(ငြိမ်း)၊ မိုးဇလ
အသက်(၈၇)နှစ်

သုဝဏ္ဏမြို့၊ စုပေါင်းအိမ်ရာ၊ အိမ်အမှတ် ၁၃/၂၊ ခရေမြိုင်လမ်းနေ (ဦးတင်ဦး၊ ဒုညွှန်မှူး၊ မိုးဇလ)၏ဇနီး၊ ဒေါ်ဖြူဖြူ (နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)၏ညီမ၊ ဦးခင်မောင်ဖြူ၊ ဒေါ်ယုယုမြိုင်၊ ဒေါ်မိမိရီ(အထက–၆၊ ဗိုလ်တထောင်၊ ငြိမ်း)–ဦးကျော်လှ(ဓာတ်ပုံ/စက္ကူ ကုန်သွယ်ရေး၊ ငြိမ်း)၊ ဒေါ်အေးအေးသိန်း၊ ဦးဌေးအောင်၊ ဒေါ်ခင်မေဖြူတို့၏အဒေါ်လေး၊ ကိုနိုင်အေးလင်း–မဖြိုးဖြိုးရင်၊ ရန်နိုင်လင်းတို့၏အဘွားလေးသည် ၁၀–၇–၂၀၀၄ရက် (စနေနေ့) နံနက်တွင် ကွယ်လွန်သွားပြီဖြစ်ပါ၍ ၁၂–၇–၂၀၀၄ရက် (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်ငွေတင် (မော်လမြိုင်မြို့)
အသက်(၈၃)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သာယာကုန်း၊ အမှတ် ၁၃–အေ နေ (ဦးငွေစိုး)၏ဇနီး၊ (ဦးမင်းငွေထွန်း၊ ဆောမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး)–ဒေါ်ခင်အုန်း(လ/ထမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊သန်လျင်)၊ဦးခင်မောင်ဝင်း–ဒေါ်သိန်းမေ(ဦးငွေစိုး ငရုတ်သီးမှုန့်လုပ်ငန်း၊မော်လမြိုင်)၊ (ဦးမြင့်စိုး)–ဒေါ်ဝေဝေမြင့်၊ ဦးသိန်းဦး(လ/ထအထွေထွေ မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)–ဒေါ်ရီရီလွင်(B.E, Civil)၊ ဦးဌေးနိုင်–ဒေါ်အေးအေးမူတို့၏မိခင်၊ မြေး ၁၈ယောက်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၉–၇–၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၁း၁၅ နာရီတွင် ပုဇွန်တောင်ဆက်သွယ်ရေးသင်တန်းကျောင်း နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ဆက်သွယ်ရေးသင်တန်းကျောင်း နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်မြင့်
အသက်(၆၅)နှစ်

ရွှေပြည်သာမြို့သစ်နေ(ဦးထွန်းရှိန်–ဒေါ်အေးတင်)တို့၏သမီးကြီး၊မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပိတောက်လမ်း၊ ခြံအမှတ် ၉ နေ ဗိုလ်ကြီးမြမင်း(ငြိမ်း)၏ဇနီး၊ (ဦးခင်မောင်–ဒေါ်ကြင်နွဲ့)၊ ဦးသောင်းစိန်–ဒေါ်ခင်နွဲ့၊ ဦးအုန်းရွှေ–ဒေါ်ခင်ဝင်းတို့၏အစ်မကြီး၊ ကိုမြင့်ရီ–မအေးအေးသန်းတို့၏အဒေါ်၊ အရာခံဗိုလ်မြင့်ဦး–မချို၊ ကိုစိုးငြိမ်း၊ ကိုအောင်မင်း၊ ကိုစိုးလှိုင်(အကောက်ခွန်)တို့၏မိခင်၊ မောင်ကျော်စွာဦး(ဒုတိယနှစ်၊ ဓာတု)၊ မောင်ဇေယျာဖြိုး(သတ္တမတန်း၊ အထက–၂၊ မင်္ဂလာဒုံ)တို့၏အဘွားသည် ၉–၇–၂၀၀၄ရက် (သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၇–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်လှလေး
(တောပု–မုံရွာ/နှင်းဆီကုန်း)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင် ၁ လမ်း၊ အိမ်အမှတ် ၅၀ နေ (ဦးကံမင်း–ဒေါ်ရွှဲ)တို့၏သမီး၊ (ဦးတင်)၏ဇနီး၊ ဦးမြင့်ဆွေ–ဒေါ်ခင်ဝင်း၊ ဦးညွှန့်ဆွေ–ဒေါ်နီလာရွှေ၊ ဦးသန်းဆွေ–ဒေါ်သန်းသန်းမြင့်(ပါဝါ အီလက်ထရွန်နစ်)၊ ဦးစိုးမြင့်နိုင်–ဒေါ်ခင်မမကြီးတို့၏မိခင်၊ မောင်မြတ်သူ၊ မအေးအေးမွန်၊ မောင်နေဇော်၊ မောင်နန္ဒ၊ မောင်စည်သူတို့၏အဘွားသည် ၉–၇–၂၀၀၄ရက်(သောကြာနေ့)ညနေ ၃း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်း (ဒါးပိန်)
အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့၊ သရက်တောပိုင်းနေ ဦးစံအိ(ကြိတ်ဆုံ)၊ဒေါ်သန်းတို့၏သား၊ဦးထွန်းမောင်၊ ဒေါ်သိန်းရင်တို့၏သားသမက်၊ (ဒေါ်ရင်နု)၏ခင်ပွန်း၊ (ကိုသန်းထွန်း)၊ (ကိုစံလွင်)၊ ကိုမြင့်လွင်၊ မမြင့်မြင့်သန်း၊ ကိုမျိုးအောင်စိုး၊မညွှန့်ညွှန့်သိန်း၊မညွှန့်ညွှန့်သန်း၊မအေလိမ္မာထွန်း၊မယဉ်ယဉ်ဌေးတို့၏ဖခင်သည် ၉–၇–၂၀၀၀၄ရက် (သောကြာနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုမိုးသူအောင်(ခ)မိုးလေး
အသက်(၃၅)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၃၀၇ နေ (ဦးမင်းအောင်)–ဒေါ်ခင်သန်းတို့၏သားထွေး၊ ရဲအုပ်နေအောင်(နရခ၊ ဦးစီး–၆)–ဒေါက်တာခင်မြတ်နွယ် (မွေး/ကု၊ ဦးစီးဌာန)၊ ဦးသော်ဒါ–ဒေါ်တင်မေဦး(မြန်မာ့စက်မှုဆိပ်ကမ်းကုမ္ပဏီ)၊ဗိုလ်ကြီးတင်ထွန်းတာ(ငြိမ်း)၊ မမင်းမင်းအောင်(မစဘ–၁)၊ မခိုင်ခိုင်အောင် (MK ကုမ္ပဏီ)တို့၏မောင်အငယ်ဆုံးသည် ၉–၇–၂၀၀၄ရက် မွန်းလွဲပိုင်းတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးဟုန်ရှင်
အသင်းဝင်အမှတ်(၂၄၁)
တိုင်းမြေစာရင်းဦးစီးဌာနမှူး(ငြိမ်း)
အသက်(၈၀)

တနင်္သာရီတိုင်း၊ ပုလောမြို့၊ အမှတ် (၂)ရပ်ကွက်၊ အား/ကာလမ်းနေ (ဒေါ်သန်းပို)၏ခင်ပွန်း ဦးဟုန်ရှင်သည် ၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၇–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ပုလောမြို့နေအိမ်မှ ပုလောမြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့။

ဦးရွှေဒေါင်း
(မိုးကောင်းမြို့)
ညွှန်မှူး(ငြိမ်း)၊စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အသက်(၆၄)နှစ်

မိုးကောင်းမြို့(ဦးကံဆောင်–ဒေါ်အေးရင်)၊မြစ်ကြီးနားမြို့(ဦးဝမ်ကင်း)–ဒေါ်ရင်တို့၏သားသမက်၊ (ဦးချွန်စိန်)–ဒေါ်ကြည်ဝင်း၏မောင်၊ (ဦးစောလွင်)၊ ဦးသန်းလွင်(လ/ထ အင်ဂျင်နီယာ၊ ရေ/သန့်၊ ဆလက)၊ဒေါ်ခင်မြဝင်း၊ ဒေါ်ခင်မြဆွေ၊ ဦးအောင်ဆွေ၊ ဦးမြင့်ဆွေတို့၏အစ်ကိုကြီး၊ မယဉ်ယဉ်နွယ်၊ မမြသန္တာ၊ ကိုမင်းဇော်၊ ကိုမင်းထွန်း၊ မကေခိုင်သင်းတို့၏ဖခင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊အမှတ်၁၇(အေ)၊တိုက်–ဘီ၊ အခန်း ၅၀၂ နေ ဒေါ်စိန်စိန်ကြည်၏ခင်ပွန်းသည် ၉–၇–၂၀၀၄ရက် (သောကြာနေ့) ည ၁၀း၅၀ နာရီတွင် မဟာမြိုင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မဆွေဇင်သိန်း
B.Sc Hons, (Bot) Q.1
(ဒဏ္ဍာရီစားသောက်ဆိုင်)
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊သုမနလမ်း၊၄၅၃/က နေ ဦးမြင့်သိန်း (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)–ဒေါ်လှကြိုင်တို့၏သမီး၊ မောင်ဉာဏ်လင်းထွန်း၏အစ်မ၊ ဦးမြင့်အောင်(ညွှန်ချုပ်၊ငြိမ်း၊ F.E.R.D)–ဒေါ်ရင်မေတို့၏တူမ၊ မခင်စပယ်၏ ညီမသည် မြောက်ဥက္ကလာပ ဝေဘာဂီအထူးကုဆေးရုံ၌ ၉–၇–၂၀၀၄ရက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၀၄ရက် ညနေ ၃နာရီတွင် ဝေဘာဂီအထူးကုဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြီးမြင့်
တိုင်းအခွန်ဦးစီးမှူး(ငြိမ်း)
အသက်(၈၅)နှစ်
ဒေါ်တင်တင်ကြီး
အသက်(၈၄)နှစ်

သာယာဝတီမြို့နေ (ဦးသူငယ်–ဒေါ်ဒေါ်ပြုံး)တို့၏သားကြီးနှင့် သမီးချွေးမ၊ ကြို့ပင်ကောက်မြို့နေ (ဦးမောင်ကြီး–ဒေါ်ဒေါ်နှင်း)တို့၏ သမီးကြီးနှင့် သားသမက်၊ ဦးမောင်မောင်မြင့်–ဒေါ်ခင်ခင်ကြီး၊ ဦးတင်မောင်မြင့်–ဒေါ်ဥမ္မာ၊ ဒေါ်သီသီမြင့်–(ဦးသန်းနိုင်)၊ ဦးမျိုးကျော်–ဒေါ်တင်တင်မြင့်၊ ဦးမြင့်ဇော်–ဒေါ်အေးအေး၊ ဦးခင်မောင်ကြူ–ဒေါ်တင်မာမြင့်တို့၏ဖခင်နှင့်မိခင်တို့သည် ၆–၇–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၂ နာရီနှင့် နံနက် ၄ နာရီတို့တွင် ကွယ်လွန်သွားပါသဖြင့် ၎င်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးလှမြင့်
အကြီးတန်းဓာတ်ပုံသတင်းထောက်(ငြိမ်း)
(ယခင်လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ စာရေးတန်းလမ်း၊ အမှတ် ၁၅ နေ (ဦးအေးကြည်–ဒေါ်ထားခင်)တို့၏သားကြီး၊ (ဝဏ္ဏကျော်ထင် ဦးစိုးမင်း၊ ဒုအတွင်းဝန်၊ငြိမ်း၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန)–ဒေါ်ရိန်တို့၏သားသမက်၊ ဒေါ်တင်တင်ဦး၏ခင်ပွန်း၊ (ဦးဝင်းအောင်)–ဒေါ်ခင်ခင်ညွှန့်၊(ဒေါ်တင်တင်အေး)၊ဒုတိယဗိုလ်မှူးကြီးညွှန့်လှိုင်(ငြိမ်း)–ဒေါ်ခင်သီအေး၊ (ဦးမြင့်သိန်း)–ဒေါ်အေးမေတို့၏အစ်ကိုကြီး၊ ဒေါ်ကေသီလှ–ဦးမြတ်ထွန်းတို့၏ဖခင်၊ မဇင်မမြတ်၊ မသင်မမြတ်၊ မတင်မမြတ်–မောင်ဇေယျာလွင်၊ မောင်ကောင်းမြတ်ခန့်၊ မောင်ထူးမြတ်သန့်တို့၏အဘိုး၊ တူ တူမ ၁၁ ယောက်တို့၏ဘကြီးသည်၉–၇–၂၀၀၄ရက်(သောကြာနေ့)ညနေ ၆း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၇–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးစိုးမင်း
B.Sc (Engineering)
ညွှန်ကြားရေးမှူး(ငြိမ်း)
[လေကြောင်းဦးစီးဌာန]၊
အင်ဂျင်နီယာချုပ်(ငြိမ်း)
(Air Mandalay Co., Ltd.)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စစ်ကိုင်းလမ်း၊ အိမ်အမှတ် ၁၅ နေ (ဦးခဲဘိန်–ဒေါ်ကျိုရှန်)တို့၏ သားကြီး၊ ဒေါက်တာဒေါ်ကြူကြူ၏ ခင်ပွန်း၊ (ဦးကျော်စိန်) – ဒေါ်ခင်သန်းနွယ်၊ ဦးအောင်တင်–ဒေါ်တင်တင်ဝင်း၊ ဦးလှဝင်း–ဒေါ်ကြူကြူ၊ဦးငွမ်ထီး–ဒေါ်လှလှဝင်း၊ (ဒေါက်တာမျိုးမင်း)–ဒေါက်တာဒေါ်အေးအေးမာ၊ ဒေါက်တာမောင်မောင်ငြိမ်း–ဒေါက်တာခင်အေးမူ၊ ဦးကျော်မင်း – ဒေါက်တာဒေါ်ကျင်လှတို့၏ အစ်ကိုကြီး၊ မောင်ရန်အောင်စိုး(Myanmar Tractors Ltd.)–ဒေါက်တာစုစုမာ၊ မောင်မြင့်ထူး–ဒေါက်တာချိုမာစိုးတို့၏ ဖခင်သည် ၉–၇–၂၀၀၄ရက်(သောကြာနေ့) ည ၈း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ငြိမ်းချမ်းဦး
(တတိယနှစ်၊ ရက္ခဗေဒ)
အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၂၊ သင်္ဂဟလမ်း၊ ကျောက်မြောင်းနေ (ဦးချော–ဒေါ်ကြင်ယုံ)၊ မြန်အောင်မြို့နေ (ဦးကျော်လေး–ဒေါ်တင်စိန်)တို့၏မြေး၊ ဦးမြင့်နိုင်ဦး (စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း၊ မန်နေဂျာ၊ ဟိန်းစည် ကုမ္ပဏီလီမိတက်)–ဒေါ်အေးအေးလွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး)တို့၏သား၊ ဦးအောင်သိန်း–ဒေါ်တင်တင်သန်းတို့၏ သားသမက်၊ မနွေးနွေးဦး၏အစ်ကို၊ မဇင်မာအောင်၏ခင်ပွန်း၊ မစုစုစံ၏ဖခင်သည် ၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဗုဒ္ဓဟူးနေ့ပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကေသရ (သဲတောကျောင်းဆရာတော်)
သာသနဓဇသိရီပဝရ ဓမ္မာစရိယ
လှည်းပွဲကျေးရွာအုပ်စု သံဃနာယက မိတ္ထီလာမြို့နယ်
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၂)ဝါ

မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ်၊ သဲတောကျေးရွာ၊ သဲတောကျောင်းဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေသရသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ ရက် (၇–၇–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂း၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၀ ရက် (၁၁–၇–၂၀၀၄ရက်) တနင်္ဂနွေနေ့တွင် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို သဲတောကျောင်းတိုက်အတွင်း၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း။

တပည့်ရဟန်း၊သံဃာများနှင့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ခန္တီဝရ (ပုဏ္ဏားကျွန်း)
သက်တော်(၅၆)နှစ်၊ သိက္ခာတော်(၃၆)ဝါ

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ ဒဂုံမြို့မ ပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့၊ မင်္ဂလာသုခ ပရိယတ္တိစာသင်တိုက်တို့၏ဦးစီးနာယက၊ ပုဏ္ဏားကျွန်းမြို့နယ် အသင်းနာယကဖြစ်တော်မူသော သာသနဓဇ ဓမ္မာစရိယ ဝိနယပါရဂူ ဘဒ္ဒန္တ ခန္တီဝရသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ ရက် (၉–၇–၂၀၀၄ရက်) သောကြာနေ့ နံနက် ၀၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၁–၇–၂၀၀၄ရက်)တနင်္ဂနွေနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) တပည့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ မဟိန္ဒ
ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ(ရွှေကျင်)
သာသနာတော်ထွန်းကားပြန့်ပွားရေး၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟိုဌာန)
မွန်ပြည်နယ်တာဝန်ခံ၊ဘီးလင်းမြို့(မြင်သာတောင်)
သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၃၀)

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ မြင်သာတောင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမဟိန္ဒသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၇ရက် (၈–၇–၂၀၀၄ရက်) ကြာသပတေးနေ့ ညနေ ၃း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ ရက် (၁၂–၇–၂၀၀၄ရက်) မွန်းလွဲ ၁ နာရီတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိဈာပနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ၊မြင်သာတောင်၊ဘီးလင်းမြို့။

ဒေါ်ထူးသက် (အဖွားသက်)
(ပုလော)
အသက်(၈၇)နှစ်

ပုလောမြို့၊ ကမ်းနားလမ်းနေ (ဦးဘိုးဝေး–ဒေါ်အေးခို)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်လုံးပြန်ရပ်ကွက်၊ ခန်းမဆောင်လမ်း၊ အမှတ် ၁၄ နေ (ဒေါ်ထူးမြ)၏ညီမ၊ (ဦးဂျင်မီ)၏ဇနီး၊ (ဦးလှဖေ)–ဒေါ်မြသန်း၊ (ကိုကျော်ဝင်း)–ဒေါ်ခင်ခင်ဝင်းတို့၏မိခင်ကြီး၊ဒေါ်ယုယုဝေ(အထက၊ ကန်ဘဲ့၊ တံတား)၊ ဒေါ်အေးနီတို့၏အဒေါ်၊ကိုဝင်းသိန်း–ဒေါ်လွင်လွင်ကြည်၊ ကိုကိုလွင် – မယဉ်ယဉ်မွန် (ခေတ္တ–USA)၊ ကိုသက်စိုး–မအေးအေးမာ၊ ကိုတင်မျိုးဇော်–မလှကေသီ (ခေတ္တ–USA)၊ (မောင်နေမျိုး)၊ မောင်နေစိုး၊ မောင်ဝင်းကိုကိုမောင်၊ မခိုင်ဇာဝင်းနှင့် မြစ်ကိုးယောက်တို့၏အဘွားသည် ၁၀–၇–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၂–၇–၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်စဝ်ခင်ဖြူ (တောင်ကြီးမြို့)
အသက်(၈၃)နှစ်

အမှတ်(၅၇၀)၊ ၇လမ်း/မြောက်အရှေ့ကြို့ကုန်း၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့နေ (ဦးစဝ်အုန်းကြင်၊ ပြည်နယ်ပညာရေးမှူး၊ငြိမ်း)၏ဇနီး၊ စိုင်းအောင်မြတ်ဦး(ခ)စိုင်းစိုင်း(O.C.S. Co.,Ltd.) ရှမ်း(စာ/ယဉ်)တွဲဖက်အတွင်းရေးမှူး၏မိခင်သည် ၉–၇–၂၀၀၄ရက်(သောကြာနေ့) နံနက် ၃ နာရီတွင် သီရိစန္ဒာအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၁–၇–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [နေအိမ်နှင့်ကိုးမိုင်(အောင်မြေဘုံသာ ရှမ်းကျောင်း)မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။] ရှမ်း(စာ/ယဉ်အဖွဲ့)ရန်ကုန်။

ရဟန်းအမကြီး
ဒေါ်မြဦး(ခ)ဒေါ်ခင်ခင်
(ကော့ကရိတ်မြို့)
အသက်(၆၆)နှစ်

ကမ္ဘာ့ဗုဒ္ဓဝိပဿနာဗိမာန်ဆရာတော် ဘဒ္ဒန္တတေဇောဘာသ(မိုးကုတ်တရားပြ)နယ်လှည့်မွေကထိက၏ရဟန်းအမကြီး၊ ကော့ကရိတ်မြို့နေ (ဦးစောဖုန်း၊ နယ်စီးတောအုပ်ကြီး–ဒေါ်ငြိမ်းမြင့်)တို့၏သမီးကြီး၊ [ဦးဘသင်–ဒေါ်ကြွေ(ခ)ဒေါ်ဖွားရှင်]တို့၏သမီးချွေးမ၊ [ဦးဝင်း(ခ)ဦးမြဝေ(သတင်းစာဆရာအယ်ဒီတာ၊ မော်ကွန်းဝင်ဒုတိယဆင့်)]၏ဇနီး၊ ဦးအောင်ကျော်နန်း–(ဒေါ်ကျင်ရွှေ)၊ ဦးမန်းတင့်မော်(ကော့ကရိတ်မြို့နယ်စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ)–ဒေါ်ခင်ထွေးရီ၊(ဦးစော)–ဒေါ်ဝင်းတင်၊ (ဦးမောင်မောင်တင်)–ဒေါ်စောရီ၊ (ဦးအောင်–ဒေါ်ခင်ခင်)၊ (ဦးအေးမြင့်–ဒေါ်စန်းရီ)၊ (ဦးသန်းထွန်း)–ဒေါ်ညွှန့်ညွှန့်တို့၏အစ်မ၊ကိုကျော်စိုး(အထည်ချုပ်–၁၇)–မတင်တင်မြင့်၊ (ကိုတင်အောင်သန်း)–မယဉ်ယဉ်စိုး(အရာဏ်ဦးအသင်းတော်)၊ကိုသိန်းမြင့်–မဌေးဌေးစိုး၊ ကိုဝင်းမြင့်–မနွဲ့နွဲ့စိုး၊ (ကိုဇော်ဝင်းစိုး)–မအေးအေးခိုင်၊ တပ်သားဇော်မင်းစိုး(ကာကွယ်ရေးဝန်ကြီးဌာန)၊မအေးအေးနု၊ ကိုအုန်းသိန်း၊ မဝေဝေစိုးတို့၏မိခင်၊ မြေး ၂၅ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၉–၇–၂၀၀၄ရက်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၇–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တိုက် ၂၊ အခန်း ၈၊ မြဝတီရိပ်သာနှင့် ၅/၁၁၉၊ ချမ်းသာ ပြည့်စုံလမ်းမှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပလက်ဝမြို့နယ်ဥသျှလင်းသိမ်တော်ဒါယကာ
ဗုဒ္ဓဘာသာကလျာဏအသင်း(ရန်ကုန်)
ဂုဏ်ထူးဆောင်နာယက
ဦးကျော်ဇံ
အလက–ပြ(ငြိမ်း)
(Director). T-A Prime International Co.,Ltd.
အသက်(၈၂)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနံ့သာစံပြ၊ ကျွန်းရွှေဝါလမ်း၊ ခြံအမှတ် ၉ နေ (ဦးသာပွင့်ဖြူ–ဒေါ်ညိုသူ)တို့၏သား၊ ဒေါ်နီသာ–ဦးစောသာတို့၏အစ်ကို၊ (ဦးသာထွန်း–ဒေါ်သန်းရွှေ)၊ ဒေါ်စိန်ဝင်း–ဦးရွှေသန်း၊ ဦးထွန်းမောင် (MD. T - A Prime International Co.,Ltd.)၊ ဦးထွန်းကျော်–ဒေါ်သောင်းရင်၊ ဦးမောင်အေး–ဒေါ်ဆုံထွေးတို့၏ဖခင်၊မြေး ၁၈ယောက်တို့၏အဘိုးရှင်၊ မြစ်နှစ်ယောက်တို့၏အဖိုးရှင်သည် ၇–၇–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ကွယ်လွန် သွားပါ၍ ၁၁–၇–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ပုလဲခြံနေအိမ်၊အမှတ် ၂၀၊ ကံခင်းလမ်း၊ စမ်းချောင်းနေအိမ်၊ပညာလက်ာရကျောင်း(ပလက်ဝ)၊ တာမွေ၊ သိမ်ကုန်းကျောင်းတိုက်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်အစိုးရကမြို့သစ်များတည်ဆောက်ရာ မြို့ပြစီမံကိန်းများစနစ်တကျရေးဆွဲတည်ဆောက်ခဲ့ မြို့သစ်နေပြည်သူများ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံများတိုးချဲ့ဖြည့်ဆည်းပေး မြို့သစ်နေပြည်သူများအလုပ်အကိုင်ဝင်ငွေတိုးပွားစေရန်စက်မှုဇုန်များ၊စက်မှုမြို့များတည်ဆောက်ပေးခဲ့

ရန်ကုန် ဇူလိုင် ၁၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ရန်ကုန်တိုင်းဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသော ပြည်သူ့ဆေးရုံနှင့် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားများသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံတာဝန်ခံဆရာဝန်နှင့် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအက အဖွဲ့၊ ကျောင်းသားကျောင်းသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ-ဂျပန်မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ရှုံးပွဲမရှိ နိုင်းဝမ်းလေး အလဲထိုးဖြင့် အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၁၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာ-ဂျပန်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် စတင်ကျင်းပရာ လိုက်ဝယ်လ်တာဝိတ်တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှရှုံးပွဲမရှိ မြန်မာ့ရွှေခါးပတ်ချန်ပီယံ နိုင်းဝမ်းလေး(မြို့တော်စည်ပင်)က ကစ်ဘောက်ဆင် ဂျပန်လက်ဝှေ့သမား ဂျပန်နိုင်ငံ နာဂါဆာကီမြို့ ဝါဂျစ်ဆုချန်ပီယံ တာကာဟာရှုယာမာမိုတိုကို ပထမအချီ ၂မိနစ်၄၀စက္ကန့်တွင် ဘယ်ညာအတွဲ လက်သီးများဖြင့် အလဲထိုးပြီး အနိုင်ရရှိသွားသည်။ နိုင်းဝမ်းလေးသည် ယခုပွဲ ပထမအချီတွင် နှစ်ကြိမ်ကိုင်ပေါက်ခံရသော်လည်း ကြံ့ခိုင်သော ဇွဲသတ္တိဖြင့် မြန်မာ့ရိုးရာလက်ဝှေ့စွမ်းပကားကို ပြသသွားပြီး သူ၏ မြန်ဆန်သွက်လက်လှသော တံတောင်၊ ဒူး၊ လက်သီးချက်များဖြင့် ပြိုင်ဘက်ကို အထိနာစေခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ☆

ကျောက်ထုလေယာဉ်ကွင်း

ဇူလိုင် ၁၀ရက်က ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ကာကွယ်**ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ဖွင့်လှစ်လိုက်သော ကျောက်ထုလေယာဉ်ကွင်းကို တွေ့ရစဉ်။** (သတင်း-၆) (သတင်းစဉ်)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်မိုးရေချိန်များ

၁၀-၇-၂၀၀၆

မင်္ဂလာဒုံ	၀ဒသမ ၈၃	လက်မ
ကမ္ဘာအေး	၀ဒသမ ၅၅	လက်မ
ရန်ကုန်မြို့လယ်	၁ဒသမ ၀၂	လက်မ

လိုက်ဝယ်လ်တာဝိတ်တန်းတွင် မြန်မာပြည် ရွှေခါးပတ်ချန်ပီယံနိုင်းဝမ်းလေး(မြို့တော်စည်ပင်) ၏ ဘယ်ခြေကန်ချက်ထိမိ၍ ဂျပန်မှ တာကာဟာရှုယာမာမိုတို ယိုင်လုလုဖြစ်နေစဉ်။
[ယခုပွဲမှာ နိုင်းဝမ်းလေး(မြို့တော်စည်ပင်)၏ ၂၁ပွဲမြောက် အလဲထိုး အနိုင်ရရှိသောပွဲဖြစ်သည်။] **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပါရီမြို့မှ သဲပန်းပုအီဖဲလ်မျှော်စင်

ပြင်သစ်အမျိုးသမီးအနုပညာရှင်တစ်ဦးသည် ထရာဗီမြူအင်ဒီကမ်းခြေ၌ "မစ်သ်အိုလံပီယာ"ခေါင်းစဉ်ဖြင့် ကျင်းပသော ကမ္ဘာ့သဲပန်းပုပြိုင်ပွဲတွင် ပါရီရှိ အီဖဲလ်မျှော်စင်ပုံတူသဲပန်းပုကို (**ဓါတ်ပုံ**)တွင် ပါရှိသည့်အတိုင်း လက်ရာပြောင်မြောက်စွာ ပြုလုပ်ခဲ့သည်ကို ဤသို့တွေ့ရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ၏ အကြီးဆုံးစည်ကြီး

တရုတ်ခရီးသွားဧည့်သည်တစ်ဦး ရှန်စီပြည်နယ် စီအန်မြို့ရှိ တရုတ်နိုင်ငံ၏ အကြီးမားဆုံးစည်ကြီးကို ခုန်၍တီးခတ်နေပုံဖြစ်သည်။ အဆိုပါစည်ကြီးကို "ဝင်စီယန်ကူ"ဟု အမည်ပေးထားပြီး အချင်း ၃ဒသမ၄၃ မီတာရှိပြီး ကီလိုဂရမ် ၁၈၀၀ အလေးချိန်ရှိသည်။ (**ယာပုံ**) **(အင်တာနက်)**